Funded by the European Union

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

TDP
Trade Development Programme




# ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်

## မြန်မာနိုင်ငံ အစိုးရတာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ သက်ဆိုင်သူများအတွက် တတိယအကြိမ်ထုတ်ဝေခြင်း (၂၀၁၇)

Implemented by

giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

# ကုန်သွယ်မှုဆိုင်ရာ လမ်းညွှန်

## နိုဝင်ဘာ၊ ၂၀၁၇  တတိယအကြိမ်ထုတ်ဝေခြင်း[၁]



**စာဖတ်သူများအတွက် အထူးမှာကြားချက်**

ဤလမ်းညွှန်စာအုပ်သည် စာဖတ်သူများအား ဥရောပသမဂ္ဂ၏ အကောက်ခွန် (သက်သာ)ကင်းလွတ်ခွင့်စနစ်၊ ၎င်း၏ ပင်ရင်းဒေသစည်းမျဉ်းများနှင့် ဆက်စပ်သည့် စည်းမျဉ်းစည်းကမ်းများကို စာဖတ်သူများအား နားလည်သဘောပေါက်စေရန် ရည်ရွယ်ပြုစုထားခြင်းဖြစ်ပြီး ဥပဒေဆိုင်ရာ စာသားများမဟုတ်ပါ။ ယခုလမ်းညွှန်စာအုပ်တွင် ကိုးကားထားသည်များသည် ဥရောပသမဂ္ဂ၏ စည်းမျဉ်း စည်းကမ်းများတွင်ပါဝင်သော ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များဖြစ်ပြီး ၎င်းတို့အား ဥရောပသမဂ္ဂ၏ တရားဝင် ဂျာနယ်တွင် သင့်တင့်လျှောက်ပတ်စွာရယူ သုံးစွဲပုံနှိပ်ဖော်ပြထားသည်။

ယခုလမ်းညွှန်စာအုပ်အား ဥရောပသမဂ္ဂ၏အကူအညီဖြင့် ရေးသားပြုစုထုတ်ဝေခြင်းဖြစ်သည်။ ဤစာအုပ်တွင် ဖော်ပြပါရှိသည့်အကြောင်းအရာများသည် ရေးသားပြုစုသူများ၏တာဝန်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ အမြင်သဘောထားကို မည်သည့်နည်းဖြင့်မျှ ထင်ဟပ်ပြသနိုင်ခြင်းမရှိပါ။

---

[၁] ယခုလက်စွဲစာအုပ်၏ ပထမအကြိမ်ထုတ်ဝေသည့်စာအုပ်ကို Stefan F. Moser က ရေးသားပြုစုခဲ့သည်။ ယခုအကြိမ်ထုတ်ဝေမှုကို GIZ GmbH မှပြင်ဆင်ဖြည့်စွက်ထားသည်။

**ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီး**

**H.E.Kristian Schmidt ၏ အမှာစကား**

ကျွန်ုပ်တို့သည် မြန်မာနိုင်ငံအတွက် အလွန်တရာ စွဲမက်ဖွယ်ကောင်းပြီး စိတ်လှုပ်ရှားဖွယ်ရာ မိတ်ဖက်အဖွဲ့အစည်းအဖြစ် နေထိုင်လျက်ရှိသည်။ (We live in fascinating and stimulating times for Myanmar) လွန်ခဲ့သော ဆယ်စုနှစ်များ အတွင်း၌ မြန်မာနိုင်ငံသည် အာရှတိုက်၏ စီးပွားရေး တွင် အင်အားအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ အာဆီယံနိုင်ငံများအတွင်း အကြီးမား ဆုံးဈေးကွက် ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု မည်သူမှ တွေးထင်မိခြင်းရှိမည် မဟုတ်ပေ။

မြန်မာနိုင်ငံသည် မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိခြင်း၊ မြေပေါ်မြေအောက် သံယံဇာတများ ပေါ်များခြင်း၊ အရည်အချင်းပြည့်ဝသည့် ပြည်သူများနှင့် ပေါများကြွယ်ဝသည့် နိုင်ငံတကာ အကူအညီများကြောင့် ကမ္ဘာပေါ်တွင် အားကျမည့် နိုင်ငံမရှိသလောက် နဲပါးမည် ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအတွင်း အလားအလာ အကောင်းဆုံး နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။

မြန်မာ့အကူးအပြောင်းကာလများအတွင်း မိတ်ဖက်နိုင်ငံဖြစ်သည့် ဥရောပသမဂ္ဂသည် ကုန်သွယ်ရေးမူဝါဒအပါအဝင် နည်းလမ်းမျိုးစုံကို မျှဝေပေးလျက်ရှိသည်။ ၂၀၁၃ ခုနှစ်ကတည်းကပင် မြန်မာ့ကုန်ပစ္စည်းတင်ပို့သူများသည် အီးယူမှ မိတ်ဖက်နိုင်ငံများသို့ သဘောထားကြီးစွာဖြင့် တစ်ဖက်သတ်ပေးအပ်လျက်ရှိသည့် အထူးကုန်သွယ်မှုကင်းလွတ်စနစ်ကို အကျိုးခံစားခွင့်ရရှိနေပြီဖြစ်ပါသည်။

လက်နက်မှအပအားလုံးဟုခေါ်ဆိုနိုင်သည့် ခေါင်းစဉ်အောက်တွင် မြန်မာကုမ္ပဏီများသည် လက်နက်နှင့် ခဲယမ်းမီးကျောက်များမပါ မြန်မာနိုင်ငံမှ ထွက်ကုန်အားလုံးကို စားသုံးသူ သန်း ၅၀၀ ကျော်ရှိသည့် ဥရောပဈေးကွက်သို့ အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ခွဲတမ်းကင်းလွတ်ခွင့်များဖြင့် တင်ပို့နိုင်သည့် အခွင့်အရေးရရှိစေသည်။

အီးယူ၏ တဖက်သက်အကောက်ခွန်သက်သာခွင့်စနစ်နှင့် ၎င်း၏မူဝါဒများကို ပုဂ္ဂလိက အခန်းကဏ္ဍဖက်မှ ကောင်းစွာနားလည်စေရန် ယခုလက်စွဲစာအုပ်သည် ကုမ္ပဏီများအတွက် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အခွင့်အလမ်းများအဖြစ် တန်ဖိုးမဖြတ်နိုင်သည့် လက်နက်ကိရိယာတစ်ခုအဖြစ် အကူအညီပေးလျက်ရှိသည်။

တဖက်သက်အကောက်ခွန်သက်သာခွင့်စနစ်၏ အကျိုးခံစားခွင့်နိုင်ငံများမှ တင်သွင်းကုန်များ လွယ်ကူချောမွေ့စေရန်အတွက် ဥရောပသမဂ္ဂမှ ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ်ကို ၂၀၁၇ နှစ်၊ နှစ်စပိုင်းကတည်းကပင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အစီအစဉ်ကို မြန်မာနိုင်ငံတွင် ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် စတင်အသုံးပြုနိုင်ရန် မျှော်လင့်လျက်ရှိသည်။

၎င်းစနစ်သည် မြန်မာ့ပို့ကုန်တင်ပို့သူများမှ ၎င်းတို့ကိုယ်တိုင်ပင်ရင်းထုတ်ကုန်ကြေညာချက်ကို သက်သေခံနိုင်မည့် ရှင်းလင်းလွယ်ကူသော ပို့ကုန်နည်းလမ်းဖြစ်လာမည်ဖြစ်သည်။ ၂၀၁၆ခုနှစ်တွင် တင်ပို့ခဲ့သည့် ကုန်စည်၏ ၉၆% အတွက် အခွန်ကင်းလွတ်ခွင့်ကို အသုံးပြုခဲ့ပြီး အခွန်ကင်းလွတ်ခွင့်ရရှိသည့်ကုန်စည် အချက်အလက်များကို လက်စွဲစာအုပ်တွင် ဖော်ပြထားသည်။

အခြားအခွင့်အရေးရနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ၎င်းအခွင့်အရေးကို ပိုမိုမြင့်မားစွာအသုံးပြုနိုင်မည် ဖြစ်သည်။

၂၀၁၄ခုနှစ် မတ်လတွင် ပထမအကြိမ် လက်စွဲစာအုပ်ထုတ်ဝေခဲ့သည့်ကာလအတွင်း မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂသို့ တင်ပို့ကုန်သည် ၁၅၁% တိုးတက်ခဲ့ပြီး (၂၀၁၄ ခုနှစ်တွင် €၃၉၂သန်း မှ ၂၀၁၆ခုနှစ်တွင် €၉၈၅သန်း) မြန်မာနှင့် ဥရောပသမဂ္ဂအကြား ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းသည် ၂၀၁၄ ခုနှစ်တွင် €၈၈၆ သန်းမှ ယခုနှစ်တွင် €၁၅၅၁ သန်းအထိ တိုးတက်လာခဲ့သည်။ မြန်မာသည် ဥရောပသမဂ္ဂသို့ ပဉ္စမအများဆုံး ကုန်ပစ္စည်းတင်ပို့နေသည့် နိုင်ငံဖြစ်သည်။ (မြန်မာ့စုစုပေါင်းပို့ကုန်၏ ၇.၁%)

ဤပြင်ဆင်ဖြည့်စွက်ချက်သည် ဥရောပသမဂ္ဂ၏အထူးကုန်သွယ်မှုကင်းလွတ်စနစ်နှင့် ၎င်း၏စည်းမျဉ်းစည်းကမ်းများကို အချိန်နှင့်တစ်ပြေးညီပြင်ဆင်မွမ်းမံထားသော သတင်းအချက်အလက်များကို အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၏ လိုအပ်ချက်များကို ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

လာမည့်နှစ်များအတွင်း မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအကြား စီးပွားရေးဆက်ဆံမှုများ ခိုင်မာသည်ထက် ခိုင်မာလာစေမည်ဟုမျှော်လင့်ရင်း ဤစာအုပ်ငယ်ကို လက်တွေ့ အသုံးပြုမည့်သူများလက်သို့ အပ်နှင်းလိုက်ရပေသည်။

Kristian Schmidt

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ

### ဦးဇော်မင်းဝင်း၏အမှာစကား

ဥရောပသမဂ္ဂ EU ရုံးကို ရန်ကုန်မြို့၌ ၂၀၁၂-ခုနှစ် ဧပြီလ (၂၈) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီးသည်မှစ၍ EU နှင့် မြန်မာနိုင်ငံအကြား အပြန်အလှန်ပေါင်းကူးဆက်ဆံမှုသည် ဆထက်တန်ဖိုး ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ၂၀၁၃-ခုနှစ်၊ ဇူလိုင်လတွင် "*Generalised Scheme of Preferences*" ( *GSP* ) ကို ပြန်လည်ခွင့်ပြုပေးခဲ့ခြင်းနှင့်အတူ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃-၁၅ ရက် အတွင်း ပထမဦးဆုံး EU-Myanmar Task Force ဖွဲ့စည်းနိုင်ခဲ့သည့် အချိန်ကာလနှင့်တိုက်ဆိုင်၍ EU High Representative Ms. Catherine Ashton ကိုယ်တိုင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းတို့သည် ဆက်ဆံရေးပွင့်လန်းလာမှုကို ဖော်ပြသည့် ထူးခြားထင်ရှားသော မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်မြှင့်တင်ပေးရန် EU ၏ ဝတိဂဝတ်ကို အကောင်အထည်ဖော်ခဲ့ရာတွင် ဥရောပကုမ္ပဏီများစွာတို့အား မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ရှာဖွေလုပ်ကိုင်ဆောင်ရွက်ရေးနှင့် ပွင့်လင်း မြင်သာမှုမြှင့်တင်ပေးရေး၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာလွှဲပြောင်းပေးရေး၊ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် အလေ့အကျင့်ကောင်းများကို ယူဆောင်လာပြီး မြန်မာစီးပွားရေးတိုးတက်မှုကို သာမက ယှဉ်ပြိုင်မှု အားကောင်းသော ကမ္ဘာ့အသိုက်အဝန်းအတွင်း ဝင်ရောက်ပေါင်းစည်းနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်မှုများကိုပါ မြှင့်တင်ဆောင်ရွက်ပေးလျှက်ရှိပါသည်။

GSP ကို ပြန်လည်ခွင့်ပြုပေးခဲ့ခြင်းက ယခင်အာရှပို့ကုန်ဈေးကွက်ကိုသာ အဓိကအားထားနေခဲ့ရ သော မြန်မာနိုင်ငံအတွက် ဥရောပဈေးကွက်သို့ ပိုမိုတိုးဖောက်ဝင်ရောက်မှုပြုလာနိုင်အောင် ပြောင်းလဲ

ပေးခဲ့ပြီး ဥရောပကုန်သည်များနှင့်လုပ်ငန်းရှင်များမှလည်း မြန်မာနိုင်ငံတွင် လုပ်ငန်းများလာရောက် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်သဖြင့် မြန်မာနိုင်ငံ၏ သဘာဝနှင့်လူသား အရင်းအမြစ်စွမ်းအားမြင့်တက်မှုရှိလာသည့်အပြင် ဥရောပသို့ တင်ပို့သော သား၊ ငါး၊ ပုဇွန်နှင့် အထည်အလိပ် ပို့ကုန်ပမာဏလည်း မြင့်မားစွာ တိုးတက်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ အတွက် ဥရောပဈေးကွက်များသို့ အခွန်နှင့်ကိုတာ ကင်းလွတ်မှုဖြင့် ဝင်ရောက်ခွင့်ရခြင်းက မြန်မာနိုင်ငံအား ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုရှိသည့် ဒေသတစ်ခုအဖြစ်နှင့် စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှု အဆင့်ဆင့်ကို ပြီးပြည့်စုံစွာ အရှိန်မြင့် ဆောင်ရွက်နိုင်သည့် ဒေသအဖြစ် ပြုလုပ်ပေး၍ ရေရှည်စဉ်ဆက်မပြတ် တိုးတက်မှုရှိရေးကိုလည်း မြှင့်တင်ပေးလျှက်ရှိပါသည်။

ယခုအခါ EU သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက်ပါ တက်ကြွစွာ ပါဝင်ကူညီထောက်ပံ့ အားပေးနေသည့်အလျောက် ငြိမ်းချမ်းမှုရရှိလာသော ဒေသသစ်များ၌ပါ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် EU စီးပွားရေးလုပ်ငန်းများ ပါဝင်လုပ်ကိုင် လာနိုင်မည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အောင်မြင်မှုရှိသည့်အပေါ် အခြေပြု၍ အကျိုးရလာဒ်များလည်း မျှဝေရရှိလာနိုင်ကြမည် ဖြစ်ပါသည်။

UMFCCI သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကဏ္ဍမြှင့်တင်ရေးကို ဆောင်ရွက်နေသည့် အမျိုးသားအဆင့် အမြင့်ဆုံးအဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် EU ၏ ပံ့ပိုးကူညီမှုများကို အလေးအနက်အသိအမှတ်ပြုအပ်ပါသည်။ နှစ်ဦးနှစ်ဖက် အပြန်အလှန် တိုးတက်မှုနှင့် အကျိုးရှိစေရေးအတွက် ရေရှည်မိတ်ဖက်အဖြစ်ဖြင့် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးအတွက် EU နှင့် ပိုမိုနီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်သွားရန် UMFCCI က မျှော်မှန်းထားပါသည်။

ဦးဇော်မင်းဝင်း

# မာတိကာ


အတိုကောက်ဝေါဟာရများစာရင်း ..... ၁

၁။ နောက်ခံ..... ၄

၁၊၁။ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံ (UNCTAD) တွင် GSP အစပြုဆောင်ရွက်ခြင်းကိုစတင်ခြင်း..... ၄

၁၊၂။အခွင့်အရေးအများဆုံးရရှိသောနိုင်ငံအဖြစ်သတ်မှတ်ခြင်း (MFN)နှင့်အီးယူဈေးကွက်သို့ဝင်ရောက်နိုင်မှု ..... ၄

၁၊၃။ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့်၎င်းတို့အတွက်အထူးအခွင့်အရေးပေးခြင်း ("လက်နက်မှလွဲ၍အရာရာတိုင်း")..... ၅

၂။ဥရောပသမဂ္ဂ (အီးယူ)၏အထူးကုန်သွယ်မှုကင်းလွတ်ခွင့် ..... ၆

၂၊၁။ အဓိကအကြောင်းအရာ ..... ၆

၂၊၂။ မြန်မာနိုင်ငံနှင့် EU GSP..... ၈

၂၊၃။ EU GSP ဆိုင်ရာဆိုင်ရာသတ်မှတ်ချက်များ..... ၁၃

၃။အီးယူ၏အထူးကုန်သွယ်မှုကင်းလွတ်ခွင့်၏ပင်ရင်းနိုင်ငံစည်းမျဉ်းများ ..... ၁၄

၃၊၁။ ပင်ရင်းနိုင်ငံစည်းမျဉ်းများမှာအဘယ်နည်း။အဘယ်ကြောင့်၎င်းတို့ကိုလိုအပ်သနည်း ..... ၁၄

၃၊၂။ကြိုတင်သတ်မှတ်ချက်များနှင့်ဥပဒေဆိုင်ရာအခြေခံ ..... ၁၅

၃၊၃။ "ရာနှုန်းပြည့်ထုတ်လုပ်ရရှိသော"ကုန်ပစ္စည်းများ..... ၁၆

၃၊၄။တတိယနိုင်ငံ၏သွင်းအားစုများကိုလုံလုံလောက်လောက်အသွင်ပြောင်းလဲခြင်း ..... ၁၈

၃၊၅။ စည်းမျဉ်းများစာရင်း..... ၁၈

၃၊၅၊၁။နိဒါန်း ..... ၁၈

၃၊၅၊၂။အကောက်ခွန်အမျိုးအစားပြောင်းလဲခြင်းစည်းမျဉ်းမည်သို့လုပ်ဆောင်သနည်း..... ၂၁

၃၊၅၊၃။ "စက်ရုံထုတ်ဈေးနှုန်း"ပေါ်အခြေခံသည့်တန်ဖိုးပါဝင်မှုသတ်မှတ်ချက်ဆိုသည်မှာအဘယ်နည်း ..... ၂၂

၃၊၅၊၄။ သီးခြားသတ်မှတ်ထားသည့်လုပ်ငန်းဆောင်ရွက်မှုများ ..... ၂၃

၃၊၅၊၅။ ပေါင်းစပ်ခြင်းများ ..... ၂၄

၃၊၆။ ပေါင်းစပ်တွက်ချက်သည့်စနစ် ..... ၂၅

၃၊၆၊၁။ ပေါင်းစပ်တွက်ချက်သည့်စနစ်နှင့်ကိုက်ညီခြင်း..... ၂၅

၃၊၆၊၂။ နစ်နိုင်ငံအကြားပေါင်းစပ်တွက်ချက်ခြင်းပေါင်းစပ်တွက်ချက်ခြင်း..... ၂၅

၃၊၆၊၃။ ဒေသတွင်းနှင့်အခြား ပေါင်းစပ်တွက်ချက်သည့်ပုံသဏ္ဍာန်များ ..... ၂၆

၃၊၇။ အခြားစည်းမျဉ်းစည်းကမ်းများ ........ ၂၇
၃၊၇၊၁။ အနိမ့်ဆုံးသောလုပ်ငန်းဆောင်ရွက်ခြင်းများ (မလုံလောက်သောလုပ်ဆောင်ခြင်းသို့မဟုတ် ပြုပြင်ဆောင်ရွက်ခြင်း) ........ ၂၉
၃၊၇၊၂။ နယ်မြေဒေသဆိုင်ရာမူ ........ ၂၉
၃၊၇၊၃။ ပြုပြင်ပြောင်းလဲမှုမပြုခြင်းဆိုင်ရာစည်းမျဉ်း (ယခင် "တိုက်ရိုက်သယ်ယူပို့ဆောင်မှု") ........ ၂၉
၃၊၇၊၄။ပင်ရင်းနိုင်ငံစည်းမျဉ်းများကို ဖြေလျှော့ခြင်းများ ........ ၂၉
၃၊၇၊၅။အခွန်ပြန်ပေးငွေ ........ ၃၀
၃၊၇၊၆။ဆက်စပ်ပစ္စည်းများ၊အပိုပစ္စည်းနှင့်ကိရိယာတန်ဆာပလာများ ........ ၃၀
၃၊၇၊၇။အစုံအတွဲများ၏ဖွဲ့စည်းမှု ........ ၃၁
၃၊၇၊၈။သံသယရှိနေဆဲဖြစ်လျှင် - ချည်နှောင်ထားသည့်သတင်းအချက်အလက် ........ ၃၁
၄။ပင်ရင်းနိုင်ငံဆိုင်ရာသက်သေပြချက် ........ ၃၁
၄၊၁။လက်ရှိစနစ်အရ EU GSP ရှိစာရွက်စာတမ်းသက်သေအထောက်အထား (REX ကိုအကောင်အထည် ဖော်ပြီးပါကတစ်ဖြည်းဖြည်းဖျက်သိမ်းသွားမည်) ........ ၃၁
၄၊၂။ ၂၀၁၇/၂၀၁၈မှစ၍ပင်ရင်းနိုင်ငံဆိုင်ရာစည်းမျဉ်းအစီအစဉ်များ- ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX) - ပင်ရင်းနိုင်ငံဖော်ပြချက်ပုံစံဖြင့်ကိုယ်တိုင်သက်သေခံလက်မှတ်ထုတ်ခြင်း ........ ၃၂
၄၊၃။ ဥရောပရှိ GSP RoO အရပူးပေါင်းဆောင်ရွက်ခြင်း ........ ၃၆
၅။ GSP အကျိုးခံစားသည့်နိုင်ငံများနှင့်အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများ ........ ၃၇
နောက်ဆက်တွဲ (က) ........ ၄၀
နောက်ဆက်တွဲ (ခ) ........ ၄၃

## အတိုကောက်ဝေါဟာရများစာရင်း

| | |
|---|---|
| ASEAN | Association of South East Asian Nations<br>အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) |
| BOI | Binding Origin Information<br>ပင်ရင်းနိုင်ငံဆိုင်ရာချည်နှောင်သော သတင်းအချက်အလက် |
| CMP | Cutting, Making & Packing<br>အထည်ညှပ်ခြင်း၊ ချုပ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း (လက်ခစားစနစ်) |
| CO | Certificate of Origin<br>ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် |
| DC | Developing Country<br>ဖွံ့ဖြိုးဆဲနိုင်ငံ |
| EBA | Everything But Arms<br>လက်နက်များမှလွဲ၍ ကျန်အရာများအားလုံး |
| EEZ | Exclusive Economic Zone<br>သီးသန့်စီးပွားရေးဇုန် |
| EU | European Union<br>ဥရောပသမဂ္ဂ |
| FDI | Foreign Direct Investment<br>နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု |
| FTA | Free Trade Agreement<br>လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှု |
| FZ | Free Zone, consisting of a closed area with or without buildings or warehouses that stays under customs control |

| | |
|---|---|
| | အကောက်ခွန်၏ ထိန်းချုပ်မှုအောက်ရှိ အဆောက်အအုံများ ပါရှိသည့် (သို့) မပါရှိသည့် (သို့) ကုန်လှောင်ရုံများ ပါရှိသည့် လွတ်လပ်သည့် ဇုန် |
| GATT | General Agreement on Tariffs and Trade of 1948, afterwards integrated in the Marrakesh Agreement in 1994<br>အကောက်ခွန်နှင့်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် GATT |
| GSP | Generalised Scheme of Preferences<br>အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်စနစ် |
| HS | Harmonised Commodity Description and Coding System<br>စည်းဝါးညီကုန်ပစ္စည်းဆိုင်ရာရှင်းလင်းဖော်ပြချက်နှင့် သင်္ကေတစနစ် |
| ILO | International Labour Organisation<br>အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(အိုင်အယ်လ်အို) |
| ISO | International Standards Organisation<br>နိုင်ငံတကာ စံနှုန်းများဆိုင်ရာ အဖွဲ့အစည်း |
| LDC | Least Developed Country<br>ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ |
| MoC | Ministry of Commerce<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| MFN | Most Favoured Nation<br>အခွင့်အရေးအများဆုံးရရှိသောနိုင်ငံ |
| REX | Registered Exporter System (applicable from 2017)<br>ပို့ကုန်တင်ပို့သူမှတ်ပုံတင်ခြင်းစနစ် (၂၀၁၇ ခုနှစ်တွင် စတင်သက်ရောက်သည်) |
| RKC | Revised Kyoto Convention (International Convention on the Simplification and Harmonization of Customs procedures)<br>ပြန်လည်ပြင်ဆင်ထားသည့် ကျိုတို ကွန်ဗင်းရှင်း |

| | | |
|---|---|---|
| RTA | Regional Trade Agreement<br>ဒေသတွင်းကုန်သွယ်မှု သဘောတူညီချက် |
| SEZ | Special Economic Zone<br>အထူးစီးပွားရေးဇုန် |
| TARIC | Online Customs Tariff Database of the EU<br>အီးယူအွန်လိုင်း အကောက်ခွန်နှုန်းထားများ အချက်အလက် အစုအဝေး |
| UN | United Nations<br>ကုလသမဂ္ဂ |
| UNCLOS | UN International Convention of the Law of the Seas (1982 Montego Bay Convention)<br>ကုလသမဂ္ဂ  ပင်လယ်များဆိုင်ရာ ဥပဒေ ကွန်ဗင်းရှင်း (၁၉၈၂ မွန်တီဂို ပင်လယ်အော် ကွန်ဗင်းရှင်း) |
| UNCTAD | United Nations Conference on Trade and Development<br>ကုလသမဂ္ဂ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ (UNCTAD) |
| WCO | World Customs Organization<br>ကမ္ဘာ့အကောက်အခွန်အဖွဲ့ |
| WTO | World Trade Organization<br>ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ |

## ၁။ နောက်ခံ

### ၁၊ ၁။ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံ (UNCTAD) တွင် GSP အစပြုဆောင်ရွက်ချက်ကို စတင်ခြင်း

၁၉၆၄ ခုနှစ်က UNCTAD ၏ ပထမဆုံး အထွေထွေ အတွင်းရေးမှူးချုပ်က ဖွံ့ဖြိုးပြီး စက်မှုနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ထိုနိုင်ငံများမှ သွင်းကုန်များ အပေါ် ကင်းလွတ်ခွင့်များကို တစ်ဖက်သတ် ခွင့်ပြုပေးကြရန် စတင် အဆိုပြုခဲ့သည်။ ၎င်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ကို ၁၉၆၈ ခုနှစ်တွင် နယူးဒေလီတွင် ကျင်းပပြုလုပ်သည့် UNCAD II ညီလာခံ၌ ဆုံးဖြတ်ချက်အမှတ် ၂၁ (၂) ဖြင့် ချမှတ်ပေးခဲ့သည်။ ဤသို့ဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို အထူးဦးစားပေးပြီး ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအပေါ် အထူးအလေးပေးသော ယေဘုယျသဘောဆောင်သည့်၊ အပြန်အလှန် ကျင့်သုံးရန်မလိုသည့်၊ ခွဲခြားဆက်ဆံမှု မရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကောက်ခွန်သက်သာ ကင်းလွတ်ခွင့်စနစ် စတင် ပေါ်ပေါက်လာခဲ့သည်။

### ၁၊ ၂။ အခွင့်အရေးအများဆုံးရရှိသောနိုင်ငံအဖြစ်သတ်မှတ်ခြင်း (MFN) နှင့် အီးယူဈေးကွက်သို့ ဝင်ရောက်နိုင်မှု

သို့စေကာမူ GATT/WTO ၏ အဖွဲ့ဝင်နိုင်ငံများအကြားအခွင့်အရေးအများဆုံးရရှိသောနိုင်ငံစနစ် (MFN) မူက အတားအဆီးတစ်ရပ် ဖြစ်နေခဲ့သည်။ အကြောင်းမှာ ၎င်းက GATT/WTO ၏ သတ်မှတ်အုပ်စုမှ အဖွဲ့ဝင်များအတွက် တစ်ဖက်သတ် ကုန်သွယ်မှု အခွင့်အရေးပေးခြင်းကို ယေဘုယျအားဖြင့် ကန့်သတ်တားမြစ်ထားသောကြောင့်ဖြစ်သည်။ GATT သဘောတူညီချက်ကို စတင်စဉ်းစားခဲ့စဉ်က ဒေသတွင်းကုန်သွယ်မှု သဘောတူညီချက်များ (၎င်းတို့တွင် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်များနှင့် အကောက်ခွန် အသင်းအဖွဲ့များ ပါဝင်သည် - GATT အပိုဒ်၊ ၁၄) ကိုသာ MFN အထွေထွေမူမှ ကင်းလွတ်ခွင့် ပြုထားခဲ့သည်။ ထို့ကြောင့် GATT/WTO ဆိုင်ရာ အထွေထွေကောင်စီက ၁၉၇၁ ပြည့်နှစ်တွင် အထူးကင်းလွတ်ခွင့်ကို ပြုလုပ်ပေးခဲ့ရပြီး GSP သည် အခွင့်အရေး အပေးဆုံးနိုင်ငံအဖြစ် သတ်မှတ်ခြင်းဆိုင်ရာ GATT/WTO မူများ၏ နောက်ထပ် ခြွင်းချက်တစ်ခုဖြစ်ကြောင်း၊ အသိအမှတ်ပြုပေးခဲ့ရသည်။ ဤ ကင်းလွတ်ခွင့်က စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများ အား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ကုန်ပစ္စည်းများ တင်သွင်းရာတွင် အကောက်ခွန်သက်သာကင်းလွတ်ခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန် ခွင့်ပြုခဲ့သည်။ ၎င်းမှာ အခွင့်အရေးပေးသည့် နိုင်ငံတစ်ခုစီက မည်သည့် ("အကျိုးကျေးဇူးခံစားသည့်") ဖွံ့ဖြိုးဆဲနိုင်ငံသည် မိမိအစီအစဉ်တွင် အကျုံးဝင်မည်၊ မည်သည့် ကုန်ပစ္စည်းများ ပါဝင်မည်၊ ကျသင့်သည့် အကောက်ခွန်ကို မည်သို့ ဆုံးဖြတ်မည်ကို လွတ်လပ်စွာ စိတ်ကြိုက်ရွေးချယ်နိုင်စေသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ကနေဒါ၊ နယူးဇီလန်၊ ဂျပန်၊

နော်ဝေ၊ အမေရိကန်ပြည်ထောင်စု၊ တူရကီနှင့် ဆွစ်ဇာလန်တို့ အပါအဝင် နိုင်ငံများစွာတွင် GSP ကို ကျင့်သုံးနေကြပြီဖြစ်ပြီး ကျယ်ပြန့်မှုနှင့် လွှမ်းခြုံမှုတို့မှာမူ တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားသည်။

အီးယူနှင့် ပတ်သက်၍ ဆိုပါက အီးယူဈေးကွက်သို့ ဝင်ရောက်သည့် ကုန်ပစ္စည်းများအတွက် အကျုံးဝင် သော အခြေခံကျသည့် ဖြစ်ရပ်ပုံစံ (၃)ခုရှိသည်။

- WTO MFN အခွန်အကောက်ဆိုင်ရာ သတ်မှတ်ချက်
- နှစ်ဦးနှစ်ဖက် သဘောတူညီချက်များပေါ် အခြေခံသည့် အထူးအခွင့်အရေးပေးသော ဝင်ရောက်ခွင့် (ဥပမာ - လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်၊ အသင်းဖွဲ့စည်းခြင်း၊ သဘောတူညီချက်၊ စီးပွားရေး မိတ်ဖက်ပြုမှု သဘောတူညီချက်)နှင့်
- အီးယူ၏ တစ်ဖက်သတ် ချမှတ်ထားသော စည်းမျဉ်းများပေါ် အခြေခံပြီး အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် ပုံစံဖြင့် တစ်ဖက်သတ်ခွင့်ပြုထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးအခွင့်အရေးပေးဝင်ရောက်ခွင့် -

## ၁၊ ၃။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများနှင့် ၎င်းတို့အတွက် အထူးအခွင့်အရေးပေးခြင်း

## ("လက်နက်မှလွဲ၍အရာရာတိုင်း")

ခြုံကြည့်ပါက GSP သည် အောင်မြင်မှုရှိကြောင်း လက်တွေ့ပြသနိုင်ခဲ့သော်လည်း နိုင်ငံအားလုံးအတွက်တော့ မဟုတ်ပါ။ အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် အခြားနိုင်ငံများထက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုတိုးမြှင့်နိုင်ခဲ့ သည်မှာတော့ အမှန်ဖြစ်သည်။ ၎င်းတို့၏ ထုတ်ကုန်များသည် ဥရောပသမဂ္ဂနှင့် အမေရိကန် ပြည်ထောင်စုတို့ကဲ့သို့ အဓိက ဈေးကွက်ကြီးများတွင် ပိုမိုလွှမ်းမိုး နေရာယူလာနိုင်ခဲ့ကြသည်။ နောက်ထပ်ဖြစ်ရပ်တစ်ခုကလည်း စီးပွားရေး အခြေခံ ခိုင်မာသည့် ပိုမိုအဆင့်မြင့်သော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခွင့်အလမ်းသာစေခဲ့သည်။ GSP သဘောတရားကို စတင်ခဲ့ပြီးနောက် ပြုလုပ်ခဲ့သည့် WTO အဓိက ဆွေးနွေးပွဲကြီးနှစ်ကြိမ်နှင့် ကဏ္ဍအလိုက် ရည်ရွယ်သည့် အစပြုလုပ်ဆောင်ချက်များက စက်မှုလုပ်ငန်း ထွက်ကုန်များပြင် သွင်းကုန်ပစ္စည်းအားလုံးအတွက် အကောက်ခွန်နှုန်းထားများကို အကြီးအကျယ် ဖြတ်တောက်ပစ်ခဲ့သည်။ ဤဖြစ်ရပ်ကို "အကောက်ခွန်ကမ်းပါးပြိုခြင်း" ဟု ခေါ်ဆိုကြသည်။ ဆိုလိုသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကနဦးတွင် အလွန်မြင့်မားနေသည့် အကောက်ခွန်နှုန်းထားများသည် တစ်ကမ္ဘာလုံးတွင် သွင်းကုန်အပေါ် အကောက်ခွန်နှုန်းထားများ လျှော့ချရန် ဘက်စုံဝိုင်းဝန်း ကြိုးပမ်းမှုတွင် ပျော်ကျ ပြိုဆင်းသွားခြင်းဟု အဓိပ္ပါယ်ရသည်။

ဤဖြစ်ရပ်ကြောင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများသည် လက်ရှိစာရင်းဝင် နိုင်ငံများထက် ကုန်သွယ်မှု အခွင့်အရေးများကို ပိုမို ရရှိသင့်သည်ဟူသည့် အစပြုလုပ်ဆောင်ချက်သို့ ဦးတည်သွားစေခဲ့သည်။ ဤအစ ပြုလုပ်ဆောင်ချက်က ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများ၏ ကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်းကို အလှူရှင်နိုင်ငံများက အပြည့်အဝ

ပယ်ဖျက်ပေးခြင်းဖြင့် ၎င်းဖွံ့ဖြိုးမှုနည်း နိုင်ငံများ၏ စီးပွားရေးနှင့် စက်မှုအခြေခံတို့ကို ပိုမိုလျင်မြန်စွာ တိုးတက်လာစေပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆွဲဆောင်နိုင်စေရန် ဖြစ်သည်။ ဤနည်းအားဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအား ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ပေါင်းစည်းပါဝင်နိုင်ရန်နှင့် ထောင်စုနှစ် ရည်မှန်းချက်များ (MDGs) ကို ပိုမိုလျင်မြန်စွာ ပြည့်မီစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် EU သည် EBA ဆုံးဖြတ်ချက်ဟု ခေါ်ဆိုနိုင်သည့် ဆုံးဖြတ်ချက်အမှတ် (EC) 416/2001 ကိုလက်ခံကျင့်သုံးခဲ့ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ လက်နက်များနှင့် ခဲယမ်းမီးကျောက်များမှ လွဲ၍ တင်သွင်းလာသည့် ထုတ်ကုန်ပစ္စည်း မှန်သမျှကို အရေအတွက် ကန့်သတ်ချက်မထားဘဲ အကောက်ခွန် ကင်းလွတ်တင်သွင်းခွင့် ပြုခဲ့သည်။ (အချိန်အတိုင်းအတာတစ်ခုအထိ ငှက်ပျောသီး၊ သကြား နှင့် ဆန်တို့ကို ခြွင်းချက်အဖြစ် ထားရှိခဲ့သည်။)

EU သည် ၎င်း၏ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများဆိုင်ရာ ဆုံးဖြတ်ချက်ကို ကမ္ဘာတစ်ဝန်းလုံးရှိ ဖွံ့ဖြိုးမှု အနည်း ဆုံး နိုင်ငံများအတွက် အကျိုးအရှိဆုံးကိစ္စအဖြစ် ယူဆခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် EBA မှ အကျိုးခံစားရသူ များက EU သို့ တင်ပို့ကုန်တန်ဖိုး စုစုပေါင်းသည် ယူရို ၁၇ ဘီလီယံ ရှိခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကောက်ခွန် လျှော့ပေါ့ပေးသည့် EU ၏ အကောက်ခွန်သက်သာ ကင်းလွတ်ခွင့် အစီအစဉ်အရ တင်သွင်းခဲ့မှုများ အားလုံး၏ ၃၄ % ရှိခဲ့သည်[2]။

## ၂။ ဥရောပသမဂ္ဂ (အီးယူ)၏ အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်

### ၂.၁။ အဓိကအကြောင်းအရာ

EU သည် အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (GSP) ကို ၁၉၇၁ ခုနှစ်မှစ၍ ကျင့်သုံးခဲ့သည်။ EU GSP သည် ဖွံ့ဖြိုးဆဲနိုင်ငံ ၉၂ နိုင်ငံ (အချို့နိုင်ငံများသည် မကြာသေးမီနှစ်များအတွင်း GSP ခံစားခွင့် ရရှိထားသော် လည်း) ကို အီးယူဈေးကွက်သို့ ဝင်ရောက်ရန် အပြန်အလှန် ကျင့်သုံးရန်မလိုသည့် အထူးအခွင့်အရေး ပေးအပ်ထားသည်။ GSP ပေးအပ်ခြင်း၏ အဓိက ဦးတည်ချက်မှာ ဆင်းရဲမွဲတေမှုကို လျှော့ချရာ၌ အထောက်အကူပြုစေရန်နှင့် ရေရှည် တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့ကို မြှင့်တင်ပေးရန် ဖြစ်သည်။

---

[2] ဇစ်မြစ်။ ၂၀၁၄-၂၀၁၅ ကာလအတွင်းအကျုံးဝင်သော အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်၏ အစီရင်ခံစာကို အောက်ပါလိပ်စာတွင်ရရှိနိုင်သည်။ http://trade.ec.europa.eu/doclib/docs/2016/january/tradoc_154180.pdf

လက်ရှိကျင့်သုံးနေသော စီမံကိန်းသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် စတင် အကျုံးဝင်မည်ဖြစ်ပြီး၊ အဆိုပါ စီမံကိန်းသည် သက်တမ်းဆယ်နှစ် ကြာမြင့်မည်ဖြစ်သည်။ သက်တမ်းပြည့်ပြီးနောက် အဆိုပါ စီမံကိန်းကို ဆက်လက် အသုံးပြုမည်ဆိုပါက ပြောင်းလဲမှု အနည်းငယ်ရှိလာနိုင်မည်ဖြစ်သည်။ သို့သော် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် EBA စီမံကိန်းအတွက်ကိုမူ သင့်တော်သည့် သက်တမ်း သတ်မှတ်ရန် မဆုံးဖြတ်ရသေးပေ။

ဤသို့ ပြင်ဆင်ပြောင်းလဲထားသည့် GSP ဥပဒေ၏ အဓိက ရည်ရွယ်ချက်မှာ -

(၁) GSP အထူးကုန်သွယ်မှု အခွင့်အရေးများကို အလိုအပ်ဆုံးနိုင်ငံများအတွက် အာရုံစိုက်နိုင်ရန် ဖြစ်သည်။ GSPကို မလိုအပ်သည့် နိုင်ငံများစွာတို့သည် ထိုအစီအစဉ်၏ အကျိုးမခံစားရတော့ဘဲ ပိုမိုပြိုင်ဆိုင်နိုင်စွမ်း ရှိလာစေရန်။

(၂) အဓိက လူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများ၊ ပတ်ဂန်းကျင်ဆိုင်ရာနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု စံသတ်မှတ်ချက်များအပေါ် လေးစားလိုက်နာမှုများအတွက် မက်လုံးများကို GSP+ အစီအစဉ်များမှ တစ်ဆင့် ပိုမိုခိုင်မာ အားကောင်းလာစေရန်။

(၃) ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် ကုန်သွယ်မှုဆိုင်ရာ လျှော့ပေါ့လိုက်လျောမှုများအား "လက်နက်မှ လွဲ၍အရာရာတိုင်း" အစီအစဉ်ဖြင့် ပိုမိုခိုင်မာလာစေရန်၊ GSP ခံစားခွင့်ရှိသူ ဦးရေကို လျှော့ချ ခြင်းဖြင့် ပြိုင်ဆိုင်ရသည့် ဖိအားကို လျှော့ချနိုင်ပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အကောက်ခွန်သက်သာခွင့်များကို ပိုမိုအဓိပ္ပါယ်ရှိစေရန်။

(၄) ကြိုတင်ခန့်မှန်းနိုင်စွမ်း၊ ပွင့်လင်းမြင်သာမှုနှင့် တည်ငြိမ်မှုကို တိုးမြှင့်ရန်။ (အပိုင်း(၅)ကိုရှု)

**ရှု**- တဖက်သတ်အကောက်ခွန်သက်သာခွင့် ကင်းလွတ်ခွင့်များ ပြုခဲ့သော ၂၀၁၂ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် ထုတ်ပြန်သည့် ဥရောပပါလီမန်နှင့် ကောင်စီ၏ စည်းမျဉ်းစည်းကမ်း (EU) No.978/2012)

အစီအစဉ်တွင် အဓိကအစိတ်အပိုင်း သုံးခုပါဝင်သည်။

- ပုံမှန် GSP အစီအစဉ် - ၎င်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အခွန်များကို အများအပြား လျှော့ချ ပေးသည်။ လက်တွေ့အားဖြင့် ၎င်းသည် ကုန်ပစ္စည်းအမျိုးအစား အားလုံးအနက် သုံးပုံနှစ်ပုံကို အခွန်တစ်စိတ်တစ်ပိုင်း သို့မဟုတ် အပြည့်အဝ လျှော့ချခြင်း ဖြစ်သည်။ ပုံမှန် GSP စီမံကိန်းတွင် (ဥပမာ - ဆန်စပါး၊ ၄က်ပျောသီး၊ သကြား) အဓိက ထုတ်ကုန်များစွာ၊ အထူးသဖြင့် စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများကို ခြုံငုံမိခြင်းမရှိပါ။
- GSP + အစီအစဉ်တွင် တိုးမြှင့်ထားသည့် အထူးအခွင့်အရေးများက ယေဘုယျ အစီအစဉ်တွင် အကျုံးဝင်သည့် ကုန်ပစ္စည်း အမျိုးအစားများအတွက် အခွန်အတုပ်များကို အပြည့်အဝ ဖယ်ရှား ပေးသည်။ ၎င်းတို့ကို လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးများ၊ ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော

စီမံအုပ်ချုပ်မှုတို့နှင့် သက်ဆိုင်သည့် နိုင်ငံတကာ သဘောတူညီချက်များကို အတည်ပြု၊ အကောင်အထည်ဖော်သည့် နိုင်ငံများသို့ ချီးမြှင့်ခြင်းဖြစ်သည်။

- ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် လက်နက်မှလွဲ၍ အရာရာတိုင်း (EBA) အစီအစဉ်သည် လက်နက်နှင့် ခဲယမ်းမီးကျောက်များမှလွဲ၍ ကုန်ပစ္စည်းအားလုံးအတွက် အကောက်ခွန် ကင်းလွတ် ပြီး ခွဲတမ်းသတ်မှတ်ချက် မရှိသည့် အစီအစဉ်ဖြစ်သည်။

ယေဘုယျ GSP နှင့် GSP+ အစီအစဉ်များတွင် အထူးအခွန် ကင်းလွတ်ခွင့်များသည် အကောက်ခွန် ကင်းလွတ်ခွင့် ပုံစံဖြင့်ဖြစ်စေ၊ အခြားကောက်ခံနိုင်သည့် စံသတ်မှတ် အကောက်ခွန်နှုန်းများကို လျှော့ချခြင်း ပုံစံဖြင့်ဖြစ်စေ တည်ရှိပြီး အကြမ်းအားဖြင့် အခွန်အတုပ်လိုင်း ၆၆% အကျုံးဝင်လျက်ရှိ သည်။ (ဂဏန်းရှစ်လုံးအဆင့်ရှိ ဥရောပသမဂ္ဂ အကောက်ခွန်သင်္ကေတ (သင်္ကေတ - ကောင်စီ ဆုံးဖြတ်ချက် (EU) No.952/2013 ) ။ အခွန်ကောက်ခံမှု၏ ၉%သည် အဆိုပါ အစီအစဉ်ဖြင့် မသက်ဆိုင်ကြောင်းနှင့် အခွင့်အရေး အများဆုံး ရရှိသော နိုင်ငံများတွင် အခွန်ကောက်ခံမှု၏ ၂၅% သည် အဆိုပါ GSP အစီအစဉ်နှင့် သက်ဆိုင်ခြင်း မရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။

လက်နက်မှလွဲ၍ အရာရာတိုင်း အစီအစဉ်အရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသည် EU ဈေးကွက်သို့ ဝင်ရောက်ရာတွင် (လက်နက်၊ ခဲယမ်းမီးကျောက်မှလွဲ၍) အကောက်ခွန် ကင်းလွတ်ခွင့်နှင့် ခွဲတမ်း ကင်းလွတ်ခွင့်ကို ခံစားခွင့်ရှိသည်။ ဆိုလိုသည်မှာ အကောက်ခွန်လိုင်းများ၏ ၉၉ ဒသမ ၈% အကျုံးဝင်ခြင်း ဖြစ်သည်။ အခြား GSP အစီအစဉ်များနှင့် မတူသည့်အချက်မှာ EBA သည် အချိန်ကန့်သတ်ချက် မရှိ ဖွင့်ပေးထားခြင်း ဖြစ်သည်။

## ၂၊ ၂။ မြန်မာနိုင်ငံနှင့် EU GSP

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေသည်။ ထို့ကြောင့် မူအားဖြင့် EU ၏ လက်နက်မှလွဲ၍ အရာရာတိုင်း အစပြုလုပ်ဆောင်ချက်မှ အကျိုးခံစားခွင့် ရရှိရန် အရည်အချင်း ပြည့်မီနေသည်။ အာဆီယံဒေသတွင်းရှိ နိုင်ငံများအနက် လာအိုနှင့် ကမ္ဘောဒီးယားတို့ သာ မြန်မာနည်းတူ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ အဆင့်တွင် ရှိနေပြီး အခြားအိမ်နီးချင်းနိုင်ငံများ အနက် ဘင်္ဂလားဒေ့ရှ် တစ်နိုင်ငံတည်းသာ EBA မှ အကျိုးခံစားရသည်။

အီးယူတွင် လူဦးရေ စုစုပေါင်း သန်းငါးရာခန့် ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပေါင်းစည်း ဈေးကွက်တစ်ခုဖြစ်သည်။ အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံကို အကောက်ခွန်ဆိုင်ရာ သမဂ္ဂဖြင့် ချိတ်ဆက် ထားသည်။ ဆိုလိုသည်မှာ အီးယူသည် ပြင်ပမှ ကုန်ပစ္စည်းများအား အကောက်ခွန်ကောက်ခံမှုစနစ်ကို တစ်ပြေးညီ ဆောင်ရွက်ထားသည့် တစ်ခုတည်းသော အကောက်ခွန်နယ်မြေဖြစ်သည်။ ထို့ ကြောင့် EU GSPကို ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ အားလုံးတွင် ပုံစံတစ်မျိုးတည်းဖြင့် ကျင့်သုံးကြသည်ဟုလည်း အဓိပ္ပါယ်ရသည်။ အီးယူဈေးကွက်သည် မြန်မာနိုင်ငံအတွက် ကြီးမားသည့် အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။ တစ်ဖက်တွင်မူ မြန်မာနိုင်ငံသည် ၎င်း၏ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ အဆင့်အတန်း၊ လုပ်အားခချိုသာခြင်း၊ နိုင်ငံရေးအရ တိုးတက်မှုရှိလာခြင်းနှင့် စီးပွားရေး

တစ်ဟုန်ထိုးဖွံ့ဖြိုးလာစေရန် မျှော်လင့်ထားကြခြင်းတို့ကြောင့် အီးယူထံမှ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်မှု အားကောင်းနေသည်။

မြန်မာနိုင်ငံကို အီးယူက စည်းမျဉ်းစည်းကမ်း (EC) No 3218/94 ၏ အပိုဒ် ၉ နှင့် စည်းမျဉ်းစည်းကမ်း (EC) No.1256/96 ၏ အပိုဒ် ၉ အရ GSPနိုင်ငံများစာရင်းမှ ၁၉၉၇ ခုနှစ်တွင် ဖယ်ရှားခဲ့သည်။ (ကောင်စီစည်းမျဉ်းစည်းကမ်း 552/97)။ ထိုအပိုဒ်များက အိုင်အယ်လ်အို ကွန်ဗင်းရှင်းအမှတ် ၂၉ နှင့် ၁၀၅ တွင် သတ်မှတ်ထားသည့်အတိုင်း မည်သည့်ပုံစံဖြင့်ဖြစ်စေ ဆိုးဆိုးရွားရွားနှင့် စနစ်တကျ အဓမ္မခိုင်းစေသည့် အခြေအနေများတွင် အထူးအခွင့်အရေးများကို ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ဖော်ပြထားသည်။မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုပပျောက်စေရေးနှင့် ပတ်သက်၍ တိုးတက်မှုများရှိကြောင်း အိုင်အယ်လ်အိုက အပြုသဘောဆောင် အကဲဖြတ်ချက်အပေါ် အခြေခံလျက် ဥရောပကော်မရှင်သည် မြန်မာနိုင်ငံကို ကုန်သွယ်ရေး အထူးအခွင့်အရေးများ ပြန်လည်ပေးအပ်ရန် ၂၀၁၂ခုနှစ် စက်တင်ဘာ ၁၂ရက်က အဆိုပြုတင်ပြခဲ့ပြီး သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း အဆိုပြုလွှာကို အတည်ပြုနိုင်ရန် ဝန်ကြီးများကောင်စီနှင့် ဥရောပပါလီမန်သို့ တင်ပြခဲ့သည်။ ၎င်းစည်းမျဉ်းစည်းကမ်းကို အီးယူ၏ တရားဝင်ဂျာနယ်တွင် ၂၀၁၃ ခုနှစ် ဇွန် ၂၉ ရက်၌ ထုတ်ပြန် ကြေညာခဲ့ပြီး ၂၀၁၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် စတင်သက်ရောက်ခဲ့သည်။ သို့သော်လည်း ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများသည် ၂၀၁၂ ခုနှစ် ဇွန် ၁၃ ရက်မှစ၍ နောက်ကြောင်းပြန်သက်ရောက်မည်ဖြစ်ပြီး ထိုရက်မှာ အိုင်အယ်လ်အို ညီလာခံက မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြုသဘော ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်နေ့ဖြစ်သည်[၃]။

မြန်မာနိုင်ငံတွင် အသုံးပြုသည့် EBA ၏ အခြေခံစည်းမျဉ်းအချို့ကို အောက်တွင် ဖော်ပြထားသည်။

- ၂၀၁၆ ခုနှစ်တွင် အီးယူမှ မြန်မာနိုင်ငံသို့ တင်သွင်းသည့် တင်သွင်းကုန်ပစ္စည်း၏ ၈၇%သည် EBA ကို ဦးစားပေး တင်သွင်းသည်။ အဆိုပါ တင်သွင်းကုန်စည်များအတွက် ထပ်တိုးအခွန်ကောက်ခံခြင်း မရှိပေ။
- အခြား တင်သွင်းကုန်များမှာ အထူးကုန်သွယ်မှုကင်းလွတ်စနစ်အောက်မှ တင်သွင်းသည် ကုန်စည်များ သို့မဟုတ် အထူးအခွင့်အရေး မရှိသည့် ထုတ်ကုန်ပစ္စည်းတို့ဖြစ်သည်။ ဥပမာ - အီးယူသို့ မြန်မာနိုင်ငံမှ တင်သွင်းသည့် အထူးအခွင့်အရေး မရရှိသည့် ကုန်စည်တို့မှာ ကျောက်မျက် ရတနာများ၊ ပဲနှင့် ပဲနီလေး တို့ဖြစ်သည်။ သစ်သည်လည်း အထူးအခွင့်အရေးမရရှိသည့် ကုန်စည်တွင် ပါဝင်သည်။
- ဦးစားပေးတင်သွင်းသော အခွန်ကင်းလွတ်ခွင့် သွင်းကုန်များအကြား တင်သွင်းကုန်အားလုံး၏ ၉၆%ကို ဦးစားပေး တင်သွင်းခြင်း ပြုလုပ်သည် (တန်ဖိုးအားဖြင့်)။ TCF အခန်းကဏ္ဍဖြစ်သည့် (ချည်ထည်၊ အဝတ်အထည်နှင့် ဖိနပ်) တို့တွင် ပင်ရင်းစည်းမျဉ်းစည်းကမ်းတို့သည် သင့်တင့်မျှတမှု

---

[၃] REGULATION (EU) No 607/2013 OF THE EUROPEAN PARLIAMENT AND OF THE COUNCIL of 12 June 2013 repealing Council Regulation (EC) No 552/97 temporarily withdrawing access to generalised tariff preferences from Myanmar/ Burma

ရှိခြင်းနှင့်အခွန်ကင်းလွတ်ခွင့်ရ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သင့်တင့်မျှတသည့် အခွင့်အရေးများ ပါရှိသည်။

သွင်းကုန်အခန်းကဏ္ဍတွင် မြန်မာနိုင်ငံမှ အီးယူသို့ တင်သွင်းကုန်စည်အကျဉ်းကို အောက်ပါဇယားတွင် ကြည့်ရှုနိုင်သည်။

| သွင်းကုန်အမျိုးအစား | ၂၀၁၆ခုနှစ်တွင် မြန်မာနိုင်ငံမှ အီးယူသို့ တင်သွင်းကုန်စည် EUR Million | စုစုပေါင်းရှယ်ယာ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| မြန်မာနိုင်ငံမှအီးယူသို့တင်သွင်းကုန်စည်စုစုပေါင်း | ၉၈၃,၁ | ၁၀၀,၀% | |
| အထူးအခွင့်အရေး မရရှိသည့် နိုင်ငံ | ၉၅,၁ | ၉,၇% | အဆိုပါ ထုတ်ကုန်များအတွက် သင့်တင့်မျှတသည့် စည်းမျဉ်းစည်းကမ်း မရှိ။ |
| အထူးအခွင့်အရေး ရရှိသည့်နိုင်ငံနှင့် အခွန်ကင်းလွတ်ခွင့်နှင့်ကိုက်ညီသော | ၈၅၉,၃ | ၈၇,၄% | မှတ်သားရန်မှာ လက်နက်နှင့် ခဲယမ်းမီးကျောက်များမှလွဲ၍ လက်တွေ့ကျကျ အခွန်ကင်းလွတ်ခွင့် မရှိသည့် သွင်းကုန်များ မရှိခြင်းကို |
| – အခွန်ကင်းလွတ်ခွင့်နှင့် ဦးစားပေးခြင်းကို အသုံးပြုသည့် | ၈၂၇,၁ | ၈၄,၁% | အသုံးပြုသည့် နှုန်းများမှာ (၃၂မီတာ/ ၈၅၉မီတာ) |
| – အခွန်ကင်းလွတ်ခွင့်နှင့် ဦးစားပေးခြင်းကို အသုံးမပြုသည့် | ၃၂,၂ | ၃,၃% | |
| အထူးတင်သွင်းကုန်အခန်းကဏ္ဍ (ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု ဖြစ်စဉ်) မထင်ရှားသော သွင်းကုန် အခန်းကဏ္ဍ | ၂၈,၈ | ၂,၉% | တင်သွင်းကုန်စည် အားလုံးနီးပါးသည် MFN သို့ GSP/EBA စည်းမျဉ်းအောက်တွင် |

| | | | |
|---|---|---|---|
| | | | အခွန်ကင်းလွတ်ခွင့် ရရှိသည်။ |
| ရင်းမြစ် - Eurostate ဒေတာ အသုံးပြု၍ တွက်ချက်ခြင်း။ | | | |

အခွန်ထမ်းဆောင်ရသည့် မြန်မာနိုင်ငံမှ သွင်းကုန်များအကြား မူဝါဒအရ အခွန်ကင်းလွတ်ခွင့်ရသော (လက် နက်နှင့် ခဲယမ်းမီးကျောက်များမှလွဲ၍)၊ TCG အခန်းကဏ္ဍတွင် ဆန်စပါးနှင့် ငါး ကဲ့သို့သော သွင်းကုန်များ လွှမ်းမိုးလျက်ရှိသည်။

- ၂၀၁၆ ခုနှစ်တွင် မြန်မာမှ အီးယူသို့ သွင်းကုန် ၈၆%သည် ဦးစားပေးအခွန်ကင်းလွတ်ခွင့်ရသည် TCF ထုတ်ကုန်များ ဖြစ်သည်။ ဦးစားပေး တင်သွင်းရာတွင် အဆိုပါ သွင်းကုန်၏ ၉၇%ကို အသုံးပြုခဲ့သည်။
- ဦးစားပေးကုန်စည်၏ အရေးပါသော အခြားထုတ်ကုန်များမှာ ဆန်စပါးနှင့် ငါးတို့ဖြစ်သည်။ TCF ထွက်ကုန်များအပြင် ဆန်စပါးနှင့် ငါးတို့သည်လည်း အရေးပါသော ကုန်စည်များဖြစ်သည်။
- TCG အတွက် ဦးစားပေး ကုန်စည်များတွင်(MFN: အခွင့်အရေးအများဆုံး ရရှိသောနိုင်ငံ အထည်ချုပ်လုပ်ငန်းအတွက် ၁၂% ၊ ဖိနပ် လုပ်ငန်းအတွက် ၁၇% ၊ ဆန်စပါး (MFN: ၁၂၈€/t သို့ ၁၇၅ €/t)[၄] နှင့် ငါး (MFN : အများစုမှာ ၈-၂၀%)
- TCF ကုန်စည်များအား ဦးစားပေး အသုံးပြုမှုခြင်း အလွန်မြင့်မား လျက်ရှိသည်။ ဂျုံ၊ နံစားပြောင်း နှင့်ငါး ။ စက်ပစ္စည်းကဲ့သို့ အချို့ကုန်စည်များကို ကုန်သွယ်ရာတွင် ဦးစားပေးခြင်း နည်းပါး လျက်ရှိပြီး၊ ပြန်လည်တင်ပို့ခြင်း အပါအဝင် (မြန်မာနိုင်ငံမှ မထုတ်လုပ်သော ကုန်စည်များ)။

မြန်မာမှ အီးယူသို့ ဦးစားပေးတင်သွင်းနေသည့် ကုန်စည်အသေးစိတ်ကို HS ခေါင်းစဉ်ဖြင့် အောက်ပါ ဇယားတွင် အသေးစိတ် ဖော်ပြထားသည်။

**ဇယား - ထုတ်ကုန်အခန်းကဏ္ဍဖြင့် အီးယူမှ တင်သွင်းသည့် အခွန်ကင်းလွတ်ခွင့်နှင့်ကိုက်ညီသောကုန်စည်**

| HS ခေါင်းစဉ် (TCF - ချည်ထည်၊ အဝတ်အထည်၊ ဖိနပ်) | ၂၀၁၆ ခုနှစ်တွင် မြန်မာမှအီးယူသို့ တင်သွင်းသော EUR million | စုစုပေါင်း | ဦးစားပေးအသုံးပြုခြင်း |
|---|---|---|---|
| စုစုပေါင်း TCF (HS 41,42, 50-67) | ၇၄၀,၁ | ၈၆,၁% | ၉၆,၉% |
| အခြားစုစုပေါင်း | ၁၁၉,၁ | ၁၃,၉% | ၉၂,၁% |
| HS ခေါင်းစဉ် | | | |

[၄] ၂၀၁၆ ခုနှစ်ရှိ မြန်မာနိုင်ငံမှ ပျမ်းမျှအီးယူသွင်းကုန်ဈေးနှုန်းသည် ၃၃၃ €/t ဖြစ်ခဲ့သည်။ ဦးစားပေးအစွန်းထွက်မှာ ad valoremတန်ဖိုးအရ အတော်အသင့်မြင့်မားသည်ဟု ဆိုလိုသည်။

| | | | |
|---|---|---|---|
| ၆၂ - အဝတ်အစား၊ အသုံးအဆောင်နှင့် ချည်ဇာမဟုတ်သော ပစ္စည်းများ | ၄၄၉,၇ | ၅၂,၃% | ၉၆,၉% |
| ၆၁- အဝတ်အစား၊ အသုံးအဆောင်နှင့် ချည်ဇာများ | ၂၁၆,၂ | ၂၅,၂% | ၉၇,၈% |
| ၁၀- အဆင့်မြင့်ဂျုံ၊ နံစားပြောင်း၊ အသင့်စားသုံးရန် | ၅၅,၄ | ၆,၄% | ၉၉,၉% |
| ၆၄-ခြေတွင်ဝတ်ဆင်သည့် ဖိနပ်နှင့်အသုံးအဆောင် | ၅၂,၅ | ၆,၁% | ၉၆,၅% |
| ၀၃-ငါးနှင့်ကျောရိုးရှိရေနေသတ္တဝါ | ၃၆,၀ | ၄,၂% | ၉၉,၀% |
| ၄၂-သားရေနှင့် တိရစ္ဆာန်မှ ထုတ်လုပ်သော ပိုက်ဆံအိပ် (ခရီးဆောင်များ) | ၁၄,၁ | ၁,၆% | ၉၂,၈% |
| ၈၅- လျှပ်စစ်ဖြင့်လည်ပတ်သောစက်များ | ၅,၆ | ၀,၆% | ၃၀,၀% |
| ၃၉-ကော်ပစ္စည်း | ၃,၇ | ၀,၄% | ၇၆,၄% |
| ၉၄- ပရိဘောဂ၊ မွေ့ယာ ခန်းဝင်ပစ္စည်း | ၃,၆ | ၀,၄% | ၅၆,၇% |
| ၆၅ - ဦးထုပ်နှင့် ယင်းနှင့်သက်ဆိုင်သော အသုံးအဆောင်များ | ၂,၈ | ၀,၃% | ၉၆,၅% |
| ၉၅ - ကစားရာ | ၂,၅ | ၀,၃% | ၈၅,၀% |
| ၄၀- ရော်ဘာပစ္စည်းအမျိုးမျိုး | ၂,၃ | ၀,၃% | ၉၈,၇% |
| ၅၈ - ဇာနှင့်ချည်ထည် ယက်လုပ်ထားသော | ၂,၃ | ၀,၃% | ၉၁,၉% |
| ၉၀ - ဆေးရုံသုံး၊ ဓာတ်ခွဲခန်းသုံး၊ ပညာရေးတိုင်းတာရေးကိရိယာများ | ၂,၀ | ၀,၂% | ၈၅,၃% |
| ၄၄ - သစ်အမျိုးမျိုးမှရရှိသော | ၁,၉ | ၀,၂% | ၆၃,၇% |

| | | | |
|---|---|---|---|
| ၇၈ - ခဲမှထုတ်လုပ်သော | ၁,၈ | ၀,၂% | ၁၀၀,၀% |
| ၁၆ - အသား၊ ငါးအသား၊ ကျောရိုးရှိရေနေသတ္တဝါ | ၁,၄ | ၀,၂% | ၁၀၀,၀% |
| ၄၆ - ကြိမ်၊ ဝါးတို့ဖြင့် ယက်လုပ်ထားသော ခြင်းတောင်း၊ လက်မှုပစ္စည်း | ၁,၂ | ၀,၁% | ၈၁,၂% |
| ၆၁ - စောင်၊ အနွေးထည်၊ အပူထိမ်းချည်ထည်များ | ၁,၁ | ၀,၁% | ၅၇,၁% |
| ၆၇ - ငှက်မွေး၊ ဆံမွေး၊ တိရစ္ဆာန်အမွေးအမျှင် | ၀,၉ | ၀,၁% | ၈၁,၈% |
| ၀၇ - စားသုံးနိုင်သော အမြစ်၊ သစ်ဥ၊ သစ်ဖု | ၀,၆ | ၀,၁% | ၆၁,၂% |
| အခြား | ၁,၄ | ၀,၂% | |

## ၂၊ ၃။ EU GSP ဆိုင်ရာ သတ်မှတ်ချက်များ။

EU GSP သည် အကျိုးခံစားသည့် နိုင်ငံများအား အီးယူ စည်းမျဉ်းစည်းကမ်းနှစ်ခုကို မှန်ကန်စွာ လိုက်နာစေသည်။ တစ်ခုမှာ EU GSP စည်းမျဉ်းစည်းကမ်းဖြစ်ပြီး၊ ကျန်တစ်ခုမှာ EU GSP ပင်ရင်းနိုင်ငံစည်းမျဉ်းစည်းကမ်းဖြစ်သည်။ GSP စည်းမျဉ်းစည်းကမ်းအသစ်တွင် အထူးအခွင့်အရေးများကို ရပ်ဆိုင်း (သို့) ရုပ်သိမ်းခံရစေနိုင်သည့် အောက်ပါ အခြေအနေများကို ဖော်ပြထားသည်။

- အခြေခံ လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးဆိုင်ရာ အိုင်အယ်လ်အို/ကုလသမဂ္ဂ ကွန်ဗင်းရှင်းများတွင် ချမှတ်ထားသည့် အခြေခံမူများကို စနစ်တကျ ချိုးဖောက်ခြင်း။
- မတရားသော ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ (ကုန်ကြမ်းပစ္စည်းများ ပေးသွင်းခြင်း)။ (သို့သော် အရည်အချင်းပြည့်ဝသည့် WTO အဖွဲ့အစည်းက ထိုသို့ မလိုက်နာကြောင်း ဆုံးဖြတ်ပြီး နောက်တွင်မှဖြစ်သည်။
- စီမံအုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း၊ ဥပမာ အကောက်ခွန်ထိန်းချုပ်မှုပိုင်းတွင် ဆိုးရွားစွာ လိုအပ်ချက်များ ရှိနေခြင်း။
- ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံအဆင့်မှ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်သို့တက်ရောက်လာခြင်း သို့မဟုတ် GSP+ မှ သာမန် GSP သို့ တက်ရောက်လာခြင်း။

- GSP ကို အခြားအထူးအခွင့်အရေး သဘောတူညီချက် တစ်ခုနှင့် အစားထိုးခြင်း။ (ဥပမာ မြန်မာနှင့် အီးယူအကြား လွတ်လပ်စွာ ကုန်သွယ်ခွင့် သဘောတူညီမှု)။
- အကျိုးခံစားသည့်နိုင်ငံမှ ပို့ကုန်များက အီးယူ၏ ဒေသခံကုန်ထုတ်လုပ်သူများအတွက် စိုးရိမ်ဖွယ် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါက အီးယူ၏ ကုန်ထုတ်လုပ်သူများအား ကာကွယ်စောင့်ရှောက်ပေး မည့် အစီအမံများ။

အောက်ပါအချက်များနှင့် အကျုံးဝင်နေလျှင်လည်း GSP ကို ယာယီ ရုပ်သိမ်းနိုင်သည်။

- တရားမဝင် မူးယစ်ဆေးဝါး သို့မဟုတ် မူးယစ်ဆေးဝါး ထုတ်လုပ်ရန် ကုန်ကြမ်းပစ္စည်းများအား တင်ပို့မှု၊ သို့မဟုတ် တစ်ဆင့်ခံ တင်ပို့မှုအပေါ် အကောက်ခွန် ထိန်းချုပ်ခြင်းတွင် ဆိုးဆိုးရွားရွား လိုအပ်ချက်များ ရှိနေခြင်း၊ သို့မဟုတ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာနှင့် ငွေကြေးခဝါချခြင်း ဆိုင်ရာ ကွန်ဗင်းရှင်းများကို လိုက်နာရန် ပျက်ကွက်ခြင်း။
- ရေလုပ်ငန်းကဏ္ဍတွင် ဒေသတွင်း ငါးလုပ်ငန်း အဖွဲ့အစည်းများက လက်ခံကျင့်သုံးလျက်ရှိသည် ငါးရင်းမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့နှင့် သက်ဆိုင်သည့် ဦးတည် ချက်များအား ဆိုးရွားစွာ စနစ်တကျ ချိုးဖောက်ခြင်း။

EU GSP ၏ အကျိုးကျေးဇူးများကို ခံစားနိုင်ရန် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ ပြည့်မီရန် လိုအပ်သည့် အဓိက သတ်မှတ်ချက်များကို ရှေ့လာမည့် EU GSP ဆိုင်ရာ ပင်ရင်းနိုင်ငံစည်းမျဉ်းများ အခန်းတွင် ဖော်ပြထားသည်။

## ၃။ အီးယူ၏ အထူးကုန်သွယ်မှု ကင်းလွတ်ခွင့်၏ ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ။

### ၃.၁။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများမှာ အဘယ်နည်း။ အဘယ်ကြောင့်၎င်းတို့ကို လိုအပ်သနည်း။

နိုင်ငံတကာတွင် ကူးသန်းရောင်းဝယ်နေကြသည့် ကုန်ပစ္စည်းအားလုံးသည် နိုင်ငံတစ်နိုင်ငံတည်းမှ သွင်းအားစုများနှင့် အပြည့်အဝ ထုတ်လုပ်ထားခြင်း ဖြစ်နိုင်သလို နှစ်နိုင်ငံနှင့်အထက် နိုင်ငံများမှ သွင်းအား စုများနှင့် ထုတ်လုပ်ထားခြင်းလည်း ဖြစ်နိုင်သည်။ ကုန်ပစ္စည်းတစ်ခု၏ ပင်ရင်းနိုင်ငံအပေါ် မူတည်၍ အခွန်ကောက်ခံမှု ပုံစံသည် ပြောင်းလဲနိုင်သည်။ ထို့ကြောင့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများသည် ကုန်ပစ္စည်းများအား ရရှိသည့် နေရာပေါ် မူတည်၍ ရွေးချယ်စစ်ထုတ်ရခြင်းဖြစ်သည်။

GSP နှင့် စပ်လျဉ်း၍ အခွင့်အရေးပေးသည့်နိုင်ငံ (ဆိုလိုသည်မှာ ဥရောပသမဂ္ဂ) သည် အကောက်ခွန်ဆိုင်ရာ အထူးအခွင့်အရေးများကို အကျိုးခံစားရသည့် နိုင်ငံမှ ကုန်ပစ္စည်းများကိုသာ ပေးအပ်ခြင်းဖြစ်ကြောင်း သေချာစေလိုသည်။ တစ်နည်းအားဖြင့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ၏ ရည်ရွယ်ချက်သည် မည်သည့် ကုန်ပစ္စည်းများက အထူးအခွင့်အရေးများကို ရရှိခံစားရန် အရည်အချင်းပြည့်မီသည်၊ မည်သည့် ကုန်ပစ္စည်းများမှာမူ အထူးအခွင့်အရေးမှ ဖယ်ထုတ်ထားခြင်း ခံရမည်ကို သတ်မှတ်ပေးရန်ဖြစ်သည်။ ဤအချက်သည် ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများမှ ကုန်ပစ္စည်းများအတွက်၊ အထူးသဖြင့် မှန်ကန်ပြီး ၎င်းကုန်ပစ္စည်းများသည် အရက်ရောဆုံး

အထူးအခွင့်အရေးများ၊ သုညအကောက်ခွန်နှုန်းထားနှင့် ခွဲတမ်းသတ်မှတ်ချက်တို့ မရှိပဲ အီးယူဈေးကွက်သို့ ဝင်ရောက်ခွင့်ကို ရရှိထားသည်။ EU GSP၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများက မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများသည် မြန်မာနိုင်ငံတွင် အပြည့်အဝ ရရှိကြောင်း၊ သို့မဟုတ် မြန်မာနိုင်ငံတွင် အစပြုသည်ဟု ယူဆနိုင်ရန် လုံလောက်သော အသွင်ပြောင်းလဲမှု အဆင့်တစ်ခုကို ဖြတ်သန်းရန် လိုအပ်ကြောင်း တောင်းဆိုထားသည်။ တစ်ချိန်တည်း၌ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများနှင့် သတ်မှတ်ချက်များက (ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ လွှဲပြောင်းမှု စသည်တို့ အပါအဝင်) ပြည်တွင်း ထုတ်လုပ်မှုကို အဆင့်တစ်ခုအထိ ရောက်ရှိစေရန် တောင်းဆိုထားသည်။ သို့မှသာ ၎င်းသည် EU GSP ၏ ရည်မှန်းချက်များနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည်ဖြစ်သည်။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများသည် EU GSP အထူးအခွင့်အရေးများကို လှည့်စားရယူခြင်း မပြုနိုင်ရန် လည်း ထိထိရောက်ရောက် ကာကွယ်ထားသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှတစ်ဆင့် ဖြတ်သန်းတင်ပို့ သည့် သို့မဟုတ် ပြန်လည် ပြင်ဆင် ထုပ်ပိုးသည့် ရိုးရှင်းသော နည်းလမ်းများကို ရှောင်ရှားရန်ဖြစ်သည်။

| |
|---|
| **မှတ်ချက်။** ။ GSP အထူးအခွင့်အရေးသည် ရုပ်ဝတ္ထုပစ္စည်းများအတွက်သာ အကျုံးဝင်ပြီး၊ ဝန်ဆောင်မှုများ၊ အကောင်အထည်မဲ့ ကုန်ပစ္စည်းများ (ဥပမာ - အသိဉာဏ်ပစ္စည်းများအတွက် အကျုံးမဝင်ပါ။) |

**၃.၂။ကြိုတင်သတ်မှတ်ချက်များနှင့်ဥပဒေဆိုင်ရာအခြေခံ။**

EU GSP မှ အကျိုးခံစားလိုပါက အောက်ပါ ကြိုတင်သတ်မှတ်ချက် လေးခုနှင့်ကိုက်ညီရန် လိုအပ်သည်

(က) ကုန်ပစ္စည်းများသည် EU GSP ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများနှင့်အညီ မြန်မာနိုင်ငံတွင် ပင်ရင်းစတင်ခြင်း ဖြစ်ရမည်။

(ခ) ပင်ရင်းနိုင်ငံဆိုင်ရာ ခိုင်လုံသည့် သက်သေအထောက်အထားကို တင်ပြရမည်။ (ပင်ရင်းနိုင်ငံဆိုင်ရာ သက်သေခံလက်မှတ်ပုံစံ (A) သို့မဟုတ် ငွေတောင်းခံလွှာ ကြေညာချက်)

(ဂ) အခြေခံအားဖြင့် မြန်မာနိုင်ငံမှ အီးယူသို့ သယ်ယူပို့ဆောင်ချိန်တွင် ပြောင်းလဲခြင်း သို့မဟုတ် အသွင် ပြောင်းလဲခြင်းတို့ ပြုလုပ်ထားခြင်း မဖြစ်ရပါ။

(ဃ) အကျိုးခံစားမည့် နိုင်ငံသည် စီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန် ဝတ္တရားများကို လိုက်နာရန် လိုအပ်သည်။ (တစ်နည်းအားဖြင့် အရည်အချင်း ပြည့်မီသည့် အာဏာပိုင်များက ပုံစံ (A) ကို ထုတ်ပေးရန် ကြေညာခြင်း နှင့် ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ သက်သေအထောက်အထားများကို စစ်ဆေးအတည်ပြုပေးရာ၌ စီမံအုပ်ချုပ်မှုပိုင်းမှ ပူးပေါင်းဆောင်ရွက်ခြင်း)

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဥရောပသမဂ္ဂ (အီးယူ) သည် အထူးကုန်သွယ်မှု ကင်းလွတ်ခွင့် (GSP) အရ တင်သွင်းသည့် ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ (RoO) ကို ပြန်လည် ပြင်ဆင်သည့် စည်းမျဉ်းစည်းကမ်း အသစ်ကို တရားဝင် လက်ခံအတည်ပြုခဲ့သည်။ ၎င်းစည်းမျဉ်း စည်းကမ်း အသစ်သည် ၂၀၁၁ ခုနှစ်

ဇန်နဝါရီ ၁ ရက်တွင် စတင်သက်ရောက်ခဲ့ပြီး အခြေခံအားဖြင့် အောက်ပါ အဓိက မူသုံးရပ်ကို အကောင်ထည်ဖော် ဆောင်ရွက်သည်။

- ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများနှင့် ဆက်စပ်လုပ်ထုံးလုပ်နည်းများကို ဖြေလျော့ရန်နှင့် ပိုမိုရိုးရှင်းလွယ်ကူစေရန်။
- အဆင်းရဲဆုံး (ဖွံ့ဖြိုးမှုအနည်းဆုံး) နိုင်ငံများအား ပိုမိုလိုက်လျောပေးထားသည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ခွင့်ပြုပေးရန်။ (ဥပမာ-ပင်ရင်းပင်ရင်းနိုင်ငံမဟုတ်သည့် အခြေခံကုန်ပစ္စည်းကို အသုံးပြုခြင်း။ အဆင်းရဲဆုံးနိုင်ငံများ (ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ)တွင် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပိုမိုအသုံးပြုခွင့်ပြုခဲ့သည်။(ဥပမာ - စတင်ပြုလုပ်ခြင်းမဟုတ်သည့် ပင်ရင်းပင်ရင်းကုန်စည်များ) GSP သို့ GSP+စည်းမျဉ်းများအောက်တွင် သွင်းကုန်များအတွက် သက်ဆိုင်သော စည်း မျဉ်း၊ စည်းကမ်းများကို နှိုင်းယှဉ်ခြင်းဖြင့်။
- ၂၀၁၇ ခုနှစ်မှ၍ မှတ်ပုံတင်ထားသည့် ကုန်ပစ္စည်းတင်ပို့သူ (REX) အစီအစဉ်ဖြင့် မိမိဘာသာ သက်သေခံလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းစဉ်ကို မိတ်ဆက်ပေးရန်။

**၅ ။ ပင်ရင်းဆိုင်ရာစည်းမျဉ်းများကို အပိုဒ် ၆၀- ၁၁၂ နှင့် နောက်ဆက်တွဲ ၂၂-၀၆၊ ၂၂-၀၇၊ ၂၂-၀၈၊ ၂၂-၀၉ နှင့် ကော်မရှင်အကောင်အထည်ဖော်ရေးဆိုင်ရာစည်းမျဉ်း (အီးယူ) ၂၀၁၅/၂၄၄၇ ၏ ၂၂-၁၀ နှင့် အပိုဒ် ၃၇၊ ၄၁-၅၈ နှင့် ကော်မရှင်လုပ်ပိုင်ခွင့်ခွဲဝေပေးမှုဆိုင်ရာစည်းမျဉ်း (အီးယူ) ၂၀၁၅/၂၄၄၆ ၏ နောက်ဆက်တွဲ ၂၂-၀၃၊ ၂၂-၀၄၊ ၂၂-၀၅ တို့တွင်တွေ့ရှိနိုင်သည်။**
**(https://ec.europa.eu/taxation_customs/sites/taxation/files/resources/documents/customs/customs_duties/rules_origin/preferential/guide-annex_2_en.pdf).**

## ၃.၃။ "ရာနှုန်းပြည့်ထုတ်လုပ်ရရှိသည့်" ကုန်ပစ္စည်းများ။

အခြေခံအားဖြင့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ နှစ်မျိုးနှစ်စား ရှိပါသည်။

ပထမအမျိုးအစားမှာ နိုင်ငံတစ်နိုင်ငံအတွင်း အပြည့်အဝ ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည်။ ဖြစ်ရပ်အများစုတွင် ဤစည်းမျဉ်းသည် အခြေခံကျသည့် ပစ္စည်းများနှင့် သဘာဝ ထွက်ကုန်များ အတွက်သာ အကျုံးဝင်ပြီး ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် အကျုံး မဝင်ပါ။ EU GSP က အောက်ပါတို့ကို အကျိုးခံစားခွင့်ရှိသည့် နိုင်ငံတွင် အပြည့်အဝ ရရှိသည်ဟု မှတ်ယူ မည်ဖြစ်ကြောင်း သတ်မှတ်ထားသည်။

(က) ၎င်း၏မြေ သို့မဟုတ် ပင်လယ်ကြမ်းပြင်မှ တူးဖော်ရရှိထားသည့် တွင်းထွက်ပစ္စည်းများ။

(ခ) ၎င်းနိုင်ငံတွင် စိုက်ပျိုး (သို့မဟုတ်) ရိတ်သိမ်းသည့် အပင်များနှင့် ဟင်းသီးဟင်းရွက်များ။

(ဂ) ၎င်းနိုင်ငံတွင် မွေးဖွားကြီးပြင်းသည့် သက်ရှိတိရစ္ဆာန်များ။

(ဃ) ၎င်းနိုင်ငံတွင် မွေးမြူသည့် သက်ရှိတိရစ္ဆာန်များမှ ရရှိသည့် ကုန်ပစ္စည်းများ။

(င) ၎င်းနိုင်ငံတွင် မွေးဖွား၊ ကြီးပြင်း၊ သတ်ဖြတ်ခံရသည့် တိရစ္ဆာန်များမှ ရရှိသည့် ကုန်ပစ္စည်းများ။

(စ) ၎င်းနိုင်ငံတွင် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းမှ ရရှိသည့် ကုန်ပစ္စည်းများ။

(ဆ) ၎င်းနိုင်ငံတွင် မွေးမြူပေါက်ဖွားသည့် ငါး၊ ပုဇွန်၊ ကဏန်း၊ ကမာနှင့် အခြားရေထွက်ကုန်များ။

(ဇ) ၎င်းနိုင်ငံရေနယ်နိမိတ်ပြင်ပတွင် ၎င်း၏ငါးဖမ်းသင်္ဘောများက ဖမ်းဆီးရမိသည့် ငါးနှင့် အခြားကုန်ပစ္စည်းများ။

(ဈ) အထက်ပါ အမှတ်(ဇ)တွင် ရည်ညွှန်းသည့် ကုန်ပစ္စည်းများအား ၎င်းနိုင်ငံ၏ စက်ရုံသင်္ဘောများပေါ် တွင် ထုတ်လုပ် ရရှိလာသည့် ကုန်ပစ္စည်းများ။

(ည) ကုန်ကြမ်းပစ္စည်းများအား ပြန်လည်ဖော်ထုတ်ရန်အတွက်သာ သင့်လျော်သည့် ၎င်းနိုင်ငံတွင် စုဆောင်းရရှိသည့် အသုံးပြုပြီး ပစ္စည်းများ။

(ဋ) ၎င်းနိုင်ငံတွင် ဆောင်ရွက်လည်ပတ်သည့် ထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်း များနှင့်အပိုင်းအစများ။

(ဌ) ၎င်းနိုင်ငံ၏ ပင်လယ်နယ်နိမိတ်ပြင်ပတွင် တည်ရှိသော်လည်း ၎င်းတွင် တစ်ဦးတည်း ထုတ်ယူခွင့် ရရှိထားသည့် ပင်လယ်ကြမ်းပြင်မှ သို့မဟုတ် ပင်လယ်ကြမ်းပြင်အောက်မှ တူးဖော်ရရှိသည့် ကုန်ပစ္စည်းများ။

(ဍ) အထက်ပါ အမှတ်(က)မှ (ဈ)အတွင်း သတ်မှတ်ဖော်ပြထားသည့် ကုန်ပစ္စည်းများမှ သီးသန့်ထုတ်ယူ ရရှိသည့် ကုန်ပစ္စည်းများ။

နိုင်ငံတစ်နိုင်ငံ၏ နယ်မြေ၊ ရေနယ်နိမိတ်နှင့် သီးသန့် စီးပွားရေးဇုန် (EEZ) ကို သတ်မှတ်ရာ၌ အောက်ပါတို့ကို ကျင့်သုံးရမည်။

(က) "နယ်မြေ"ဆိုသည်မှာ နိုင်ငံတကာက အသိအမှတ်ပြုထားသည့် နိုင်ငံ၏ နယ်နိမိတ်များဖြစ်သည်။

(ခ) ရေနယ်နိမိတ် ဆိုသည်မှာ (ကုလသမဂ္ဂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း - UNCLOS တွင် သတ်မှတ်ထားသည့်အတိုင်း) ကမ်းခြေမှ ရေမိုင် ၁၂ မိုင်ထိဖြစ်သည်။

(ဂ) သီးသန့်စီးပွားရေးဇုန် (EEZ) သည် ကမ်းခြေ (UNCLOS) မှ ရေမိုင် ၂၀၀ အထိ ကျယ်ပြန့်သည်။

အထက်ပါ (ဇ)တွင် ဖော်ပြထားသည့် ပင်လယ်ပြင် ငါးဖမ်းဆီးခြင်းမှ ထွက်ကုန်များနှင့် ပင်လယ်ပြင်မှ ရရှိသည့် အခြားကုန်ပစ္စည်းများနှင့် ပတ်သက်၍ ရေနယ်နိမိတ်အတွင်း ဖမ်းဆီးရမိသည့် ငါးများကို အပြည့်အဝ ရရှိသည်ဟု ယူဆသည်။ သို့သော် ရေနယ်နိမိတ် ပြင်ပတွင် သို့မဟုတ် နိုင်ငံတကာ ပင်လယ်ပြင်တွင် ဖမ်းဆီးရမိသည့် ငါးများကိုမူ "၎င်း၏ငါးဖမ်းသင်္ဘော" ဆိုသည်ကို အောက်ပါအတိုင်း ဖွင့်ဆိုသည်။

- သင်္ဘောကို မြန်မာနိုင်ငံတွင် သို့မဟုတ် အီးယူ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုတွင် မှတ်ပုံတင်ထားရ မည်။
- သင်္ဘောသည် မြန်မာနိုင်ငံအလံ သို့မဟုတ် အီးယူအဖွဲ့ဝင်နိုင်ငံတစ်ခု၏ အလံကို လွှင့်ထူထား ရမည်။
- ပိုင်ဆိုင်မှုသည် မြန်မာနိုင်ငံသား အများစု သို့မဟုတ် အီးယူအဖွဲ့ဝင်နိုင်ငံ၏ နိုင်ငံသားများ သို့မဟုတ် မြန်မာနိုင်ငံတွင်ဖြစ်စေ၊ အီးယူအဖွဲ့ဝင် နိုင်ငံတွင်ဖြစ်စေ ရုံးချုပ်တည်ရှိသည့် ကမ္ဘဏီက ပိုင်ဆိုင်သည့်အပြင် နောက်ထပ်လိုအပ်ချက်အဖြစ် မြန်မာအများစု သို့မဟုတ် အီးယူအဖွဲ့ဝင်နိုင်ငံများက အများစု ပိုင်ဆိုင်မှု ဖြစ်ရမည်။

အပြည့်အဝရရှိထားသည့် ကုန်ပစ္စည်းများ၏ နမူနာများတွင် အောက်ပါတို့ ပါဝင်သည်။

(က) တူးဖော်ရရှိသည့် တွင်းထွက်ကျောက်များ သို့မဟုတ် သံသတ္တုရိုင်းများ

(ခ) ပြည်တွင်း၌ မွေးမြူထားသော နွားများမှ ရရှိသည့် လတ်ဆတ်သည့် နွားနို့

(ဂ) ပြည်တွင်းထွက် နွားနို့ဖြင့်သာ သီးသန့် ပြုလုပ်သည့်ဒိန်ခဲ

(ဃ) မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်သည့် ဆန်စပါး

(င) မြန်မာနိုင်ငံတွင် မွေးမြူသော သို့မဟုတ် နိုင်ငံရေပိုင်နက် ပြင်ပတွင် အထက်ဖော်ပြပါ သတ်မှတ်ချက် များနှင့် ကိုက်ညီသော မြန်မာငါးဖမ်းသင်္ဘောက ဖမ်းဆီးရမိသော ငါးမှ ထုတ်လုပ်သည့် ငါးအသားချောင်း

(စ) ပြည်တွင်းရှိ အုန်းသီးများမှ ရရှိသည့် အုန်းနို့

(ဆ) ပြည်တွင်းသစ်များဖြင့်ပြုလုပ်ပြီး ဆေးမတင်ရသေးသော ပြည်တွင်းထွက်သွင်းအားစုများကိုသာအသုံးပြုထားသည့်သစ်ပရိဘောဂ

## ၃.၄။ တတိယနိုင်ငံ၏ သွင်းအားစုများကို လုံလုံလောက်လောက် အသွင်ပြောင်းလဲခြင်း

## "လုံလုံလောက်လောက် လုပ်ဆောင်သော သို့မဟုတ် ပြုပြင်ထားသော ကုန်ပစ္စည်းများ"

နိုင်ငံတစ်နိုင်ငံအတွင်း၌ အစအဆုံး မထုတ်လုပ်သည့် ကုန်ပစ္စည်းများကို တစ်မျိုး သို့မဟုတ် တစ်မျိုး ထက်ပိုမိုသည့် တင်သွင်းပစ္စည်းများဖြင့် ထုတ်လုပ်ကြသည်။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများတွင် တင်ပို့ သည့် ကုန်ပစ္စည်းကို တင်ပို့သည့် ပင်ရင်းနိုင်ငံမှ ကုန်ပစ္စည်းဟု ယူဆနိုင်စေရန် တင်သွင်းသည့် ကုန်ပစ္စည်းကို မည်သည့်နည်းလမ်းဖြင့် အသွင် ပြောင်းလဲရန် လိုအပ်ကြောင်း အတိအကျ သတ်မှတ် ထားသည်။ အောက် ပါ နည်းလမ်းတစ်မျိုး သို့မဟုတ် နည်းလမ်းများကို ပေါင်းစပ်ခြင်းဖြင့် သိသိသာသာ အသွင်ပြောင်းလဲမှု ကိုဖော်ပြ သို့မဟုတ် သတ်မှတ်နိုင်သည်။ (က) တင်သွင်းသည့် ပစ္စည်းအပေါ် အခွန်အမျိုးအစားကို ပြောင်း လဲခြင်း၊ (ခ) တင်သွင်းသည့် ပစ္စည်းတွင် ကုန်ချောပစ္စည်းနှင့် ဆက်စပ်နေသည့် တန်ဖိုးအဆင့်တစ်ခု ကို ထပ်ဖြည့်ပေါင်းခြင်း၊ (ဂ) တင်သွင်းသည့် ကုန်ပစ္စည်းသည် အတိအကျ သတ်မှတ်ထားသည့် လုပ်ဆောင် ချက် သို့မဟုတ် ထုတ်လုပ်မှုပုံစံတစ်ခုကို ဖြတ်သန်းရခြင်း (ကိုင်တွယ်လုပ်ဆောင်မှုစည်းမျဉ်း)

ကော်မရှင်လုပ်ပိုင်ခွင့်ခွဲဝေပေးမှုဆိုင်ရာစည်းမျဉ်း (အီးယူ) ၂၀၁၅/၂၄၄၆ ၏ အပိုဒ် ၄၅ သည် စာရင်းစည်းမျဉ်းများဟု ခေါ်ဆိုသော နောက်ဆက်တွဲ ၂၂-၀၃ အား တိုက်ရိုက်ညွှန်းဆိုသည်။ ထိုစာရင်းစည်းမျဉ်းများသည် ကုန်ပစ္စည်းများအား သက် ဆိုင်ရာ ဟန်ချက်ညီစည်းဝါးညှိစနစ် (HS) အမျိုးအစားခွဲခြားမှုပေါ် မူတည်၍ ကျင့်သုံးနိုင်သည့် ပင်ရင်းပင်ရင်းနိုင်ငံ ဆိုင်ရာ စည်းမျဉ်းများကို သတ်မှတ်ပေးသည်။

**မှတ်ရန်။** ။ အခြား ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းစနစ်များ (ဥပမာ - အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုဒေသ) နှင့် မတူညီသည့်အချက်မှာ EU GSP ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများတွင် လုံလုံလောက်လောက် လုပ်ဆောင်သော သို့မဟုတ် ပြုပြင်ထားသော ကုန်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံဆိုင်ရာ ရေပြင်ညီ စည်းမျဉ်းများ မပါဝင်ခြင်းဖြစ်သည်။ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းအားလုံးကို အထူးနောက်ဆက်တွဲတွင် သတ်မှတ်ထားသည့် ကုန်ပစ္စည်းအလိုက် စာရင်း၌သာ တွေ့ရှိနိုင်သည်။

## ၃.၅။ စည်းမျဉ်းများစာရင်း

## ၃၊ ၅၊ ၁။ နိဒါန်း

စည်းမျဉ်းများစာရင်းတွင် သက်ဆိုင်ရာ ကုန်ပစ္စည်း၏ အမျိုးအစား သတ်မှတ်ချက်အလိုက် ကွဲပြားခြားနား သည့် ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများစွာ ပါဝင်သည်။ ထုတ်လုပ်ရာတွင် အသုံးပြုသည့် တတိယနိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းများ၏ အဆင့်ပြောင်းလဲခြင်းကို ၎င်းတို့မှ သတ်မှတ်ထားသည်။ ထို့ကြောင့် အပြည့်အဝရရှိသော သို့မဟုတ် အဆိုပါ ထုတ်ကုန်များ ဖယ်ထုတ်ထားခြင်းမရှိသော ထုတ်ကုန်များအတွက် သာ အကျိုးသက်ရောက်စေသည်။ (တစ်ခါတစ်ရံ အပြည့်အဝ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကိုသာ ရည်ညွှန်းသည်။ ဥပမာ - မြန်မာပြည်မှ ထွက်သည့်သစ်ကို အပြည့်အဝ အသုံးပြု၍ ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများအတွက်၊ အဆိုပါ စည်းမျဉ်းစည်းကမ်းသည် ဆီလျော်ခြင်း မရှိပေ၊ အဘယ်ကြောင့်ဆို သော် အဆိုပါ ကုန်ပစ္စည်းကို ပြုလုပ်သည့်နိုင်ငံအား ပင်ရင်းပင်ရင်းထုတ်လုပ်သည့်နိုင်ငံအဖြစ် သတ်မှတ်ထားခြင်းကြောင့်ဖြစ်သည်။

စည်းမျဉ်းများစာရင်း အတွက် မိတ်ဆက်မှတ်စုများတွင် စည်းမျဉ်းများစာရင်း၊ အတွက် ရှင်းလင်းချက်မျိုးစုံ ပါဝင်သည့်အပြင် အဝတ်အထည်ကဏ္ဍအတွက် လိုက်လျောခွင့်ပြုသည့် သီးသန့်စည်းမျဉ်းများလည်း ပါဝင် သည်။ ကုန်ပစ္စည်းများအတွက် သီးသန့်အကျုံးဝင်သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများကိုလည်း သတ် မှတ်ပေးသည်။ ဥပမာ-အုပ်စု(၈)သည် ရေနံနှင့်လောင်စာများနှင့် ပတ်သက်၍ ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ် ပေးကြောင်း ယူဆနိုင်သည့် အချို့သော လုပ်ငန်းစဉ်များကို သတ်မှတ်ထားသည်။

အခန်းစည်းမျဉ်းသည် HS အခန်းတစ်ခုစီအတွက် အကျုံးဝင်သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းတစ်ခု သို့မဟုတ် အများကို အတိအကျ သတ်မှတ်ဖော်ပြထားသည်။ တစ်ခါတစ်ရံ အနောက်တွင် "မှလွဲ၍"ဟူ သည့် ဝေါဟာရ ပါရှိသည်။ ထို့နောက် စာရင်းစည်းမျဉ်းသည် တစ်စုံတစ်ခုသော HS ခေါင်းစဉ်တစ်ခုအ တွက် သို့မဟုတ် ခေါင်းစဉ်ခွဲအတွက် သီးခြားပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းကို ဖော်ပြသည်။ ဤခြွင်းချက်အရ သက်ဆိုင်ရာ ကုန်ပစ္စည်းအတွက် အကျုံးဝင်သည့် သီးခြားစည်းမျဉ်းတစ်ခု ရှိပါက အခန်းစည်းမျဉ်းကို ကျင့် သုံးခွင့် မပြုပါ။

အချို့သော ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများသည် သက်ဆိုင်ရာ ကုန်ပစ္စည်းအတွက်သာ အကျုံးဝင်ပြီး လုံလုံလောက်လောက် လုပ်ဆောင်ထားသော သို့မဟုတ် ပြုပြင်ထားသော ကုန်ပစ္စည်းများအတွက်သာ ရေပြင်ညီ ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းမရှိပါ။

**မှတ်ရန်။** ။ သဟဇာတဖြစ်သည့် ကုန်စည် ရှင်းလင်းဖော်ပြခြင်းနှင့် ကုန်ပစ္စည်းအတွက်သာ သင်္ကေတ သတ်မှတ်သည့် စနစ်ကို ယေဘုယျအားဖြင့် "ဟန်ချက်ညီစည်းဝါးညီစနစ်" သို့မဟုတ် "HS" သည် ကမ္ဘာ့အကောက်ခွန် အဖွဲ့အစည်း (WCO) က သတ်မှတ်ဖော်ထုတ်ပြီး ကုန်သွယ်သည့် ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့် ဘက်စုံသုံး အမည် သတ်မှတ်မှုစနစ်ဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် HS အမျိုးအစား သတ်မှတ်ချက်ကို အသုံးပြုခြင်းသည် ကုန်ပစ္စည်းအလိုက် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းကို ရှာဖွေလိုက်နာ ကျင့်သုံးရန် အတွက် မဖြစ်မနေ လိုက်နာရန် သတ်မှတ်ချက်ဖြစ်သည်။ "အခန်း" ဟူသော ရည်ညွှန်းချက်သည် ပထမဆုံး ကိန်း ၂ လုံးပါ HS ဂဏန်းများကို ဆိုလိုပြီး ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများပါ "ခေါင်းစဉ်"သည် ကိန်း ၄လုံးပါ HS ခေါင်းစဉ်ကို ရည်ညွှန်းသည်။ "ခေါင်းစဉ်ခွဲ" သည် ကိန်း ၆ လုံးပါ HS code ကို ရည်ညွှန်းသည်။

**သီးသန့်**ခြွင်းချက်ရှိသည့် စည်းမျဉ်းများစာရင်း၏နာမူနာ



ကျင့်သုံးနိုင်သည့်
စည်းမျဉ်းများ

| ဟန်ချက်ညီစည်းဝါးညီစနစ်(Harmonized System) | ကုန်ပစ္စည်းရှင်းလင်းဖော်ပြချက် | အရည်အချင်းပြည့်မီစေသည့်လုပ်ဆောင်ချက်<br>(ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ အဆင့်အတန်း ရရှိစေသည့် ပင်ရင်းပင်ရင်းနိုင် ငံမဟုတ်သော ပစ္စည်းများအား အသုံးပြု ထုတ်လုပ် ဆောင်ရွက်ခြင်း) |
|---|---|---|
| (၁) | (၂) | (၃) |
| အခန်း(၁) | တိရစ္ဆာန်အရှင်များ | အခန်း(၁)တွင် ပါဝင်သည့် တိရစ္ဆာန်အားလုံး ကို အပြည့်အဝ ရရှိခြင်းဖြစ်သည်။ |
| အခန်း(၂) | အသားနှင့်စားသုံးနိုင်သော အသားထွက်စွန့်ပစ်ပစ္စည်းများ | ဤအခန်းပါ ကုန်ပစ္စည်းများ၏ အသားနှင့် စားသုံးနိုင်သော အသားထွက် စွန့်ပစ် ပစ္စည်းများ အားလုံးကို အပြည့်အဝ ရရှိထားသည့် ကုန်ထုတ်လုပ်မှု။ |
| အခန်း (၃) | ငါး၊ ပုဇွန်၊ ကဏန်း၊ ကမာနှင့် အခြားရေနေ သတ္တဝါများ<br>(----- မှလွဲ၍) | ငါး၊ ပုဇွန်၊ ကဏန်း၊ ကမာနှင့် အခြားရေနေ သတ္တဝါများ အားလုံးကို အပြည့်အဝ ရရှိခြင်း ဖြစ်သည်။ |
| ၀၃၀၄ | ငါးအသားချောင်းနှင့် အခြား ငါးအသားများ (စဉ်းထား/ မစဉ်းထား)၊ လတ်လတ်ဆတ်ဆတ်၊ အေးထား၊ အေးခဲထား | အသုံးပြုထားသည့် အခန်း(၃)မှ ပစ္စည်းများ အားလုံးကို အပြည့်အဝ ရရှိထားသည့် ကုန်ထုတ်လုပ်မှု။ |

**သီးသန့်ခြွင်းချက်မရှိသည့် စည်းမျဉ်းများစာရင်း၏ နမူနာ**

| ဟန်ချက်ညီစည်းဝါးညီစနစ် ခေါင်းစဉ် | ကုန်ပစ္စည်းဆိုင်ရာ ရှင်းလင်းဖော်ပြချက် | အရည်အချင်းပြည့်မီသည့်လုပ်ဆောင်ချက်<br>(ပင်ရင်းပင်ရင်းနိုင်ငံ အဆင့်အတန်း ရရှိစေသည့် ပင်ရင်းပင်ရင်းနိုင်ငံ မဟုတ်သော |
|---|---|---|

| | | |
|---|---|---|
| | | ပစ္စည်းများအား လုပ်ကိုင်ခြင်း (သို့) ပြုပြင်ခြင်း) |
| အခန်း (၄၂) | သားရေပစ္စည်းများ၊ အထိန်းကြိုးများ၊ ခရီးဆောင်ပစ္စည်းများ၊ လက်ကိုင်အိတ်များနှင့် အလားတူအိတ်များ၊ (ပိုးကောင်အူမှလွဲ၍) တိရစ္ဆာန်အူနှင့် ပြုလုပ်သည့် ပစ္စည်း များ | ထိုကုန်ပစ္စည်းခေါင်းစဉ်မှလွဲ၍ အခြားမည်သည့် ခေါင်းစဉ်အောက်ရှိ ပစ္စည်းကို မဆိုအသုံးပြုထုတ်လုပ်ခြင်း<br>သို့မဟုတ်<br>အသုံးပြုသည့် ပစ္စည်းအားလုံး၏ တန်ဖိုးသည် ကုန်ပစ္စည်း၏ စက်ရုံထုတ်ဈေးနှုန်း ၏ ၇၀% မကျော်လွန်သည့် ထုတ်လုပ် ခြင်း |

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအတွက် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းနမူနာ**

**ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ - အထည်အလိပ်ကဏ္ဍ**

| | | | |
|---|---|---|---|
| အခန်း(၆၁) | စက်/လက်ဖြင့်ထိုးထားသည့် အဝတ်အထည်နှင့်ဆက်စပ်ပစ္စည်းများ | | |
| | ပုံစံကျဖြတ်ထားသည့် သို့မဟုတ် ပုံစံအတိုင်း ရရှိထားသည့် နစ်ခုနှင့်အထက် စက်/လက်ဖြင့်ထိုးထားသော အထည်စများကို တွဲစပ်ချုပ်လုပ်ခြင်း သို့မဟုတ်ပေါင်းစည်းခြင်းဖြင့် ရရှိထားသော | (က)<br>ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အထည်စများမှ ထုတ်လုပ်ခြင်း | (ခ)<br>အခြားအကျိုးခံစားသည့် နိုင်ငံများ (ဖြတ်တောက်ခြင်း အပါအဝင်) ထိုးခြင်းနှင့် ချုပ်လုပ်ခြင်း |
| | အခြား | သဘာဝနှင့်/သို့မဟုတ် လူလုပ်သည့် အမျှင်များကို ငင်ခြင်း (သို့) လူလုပ်အမျှင်များကို ဆွဲထုတ်ခြင်းတို့ ဖြင့် ထိုးခြင်း (ပုံထွက်အောင်ထိုးထားသည့် ကုန်ပစ္စည်း များ)<br>သို့မဟုတ်<br>သဘာဝအမျှင်များကို ဆေးဆိုးခြင်းနှင့် ထိုးခြင်း (ပုံထွက်အောင် ထိုးထားသည့် ကုန်ပစ္စည်းများ) | |

## ၃၊ ၅၊ ၂။ အခွန်အမျိုးအစားပြောင်းလဲခြင်း စည်းမျဉ်း မည်သို့ လုပ်ဆောင်သနည်း။

(HS)စနစ်ပေါ်တွင် အခြေခံထားသော အခွန်အမျိုးအစား ပြောင်းလဲသည့် စည်းမျဉ်း (Change of Tariff Classification rule (CTC)) သည် တင်သွင်းသည့် ပစ္စည်းကို ပြုပြင်ထုတ်လုပ်နေစဉ် ၎င်း၏ အခွန်အမျိုးအစား ပြောင်းလဲသွားပါက ၎င်းသည် လုံလုံလောက်လောက် အသွင်ပြောင်းလဲသွားသည်ဟူသော ယူဆချက် ပေါ်တွင် အခြေခံ လုပ်ဆောင်သည်။ ဥပမာ - EU GSP ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများတွင် "ခေါင်းစဉ်"ဟူ သော ရည်ညွှန်းချက်မှာ ဂဏန်းလေးလုံး ပါဝင်သည့် HS ခေါင်းစဉ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ အဓိက ကုန်ပစ္စည်းကို 8403.10 တွင် အမျိုးအစား သတ်မှတ်ထားပြီး ၎င်း၏ အစိတ်အပိုင်းများကို 8403.90 တွင် သတ်မှတ်ထားပါက ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ၏ ရည်ရွယ်ချက်အရ ၎င်းတို့သည် ခေါင်းစဉ်တစ်ခု တည်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဥပမာများ -

- "ကုန်ပစ္စည်း၏အခန်းကဏ္ဍမှလွဲ၍ မည်သည့်အခန်းကဏ္ဍအောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ် ခြင်း"

- "ကုန်ပစ္စည်း၏ခေါင်းစဉ်မှလွဲ၍ မည်သည့်ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း"
- "မည်သည့်ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း"
- "ကုန်ပစ္စည်း၏ ခေါင်းစဉ်နှင့် ခေါင်းစဉ်အမှတ် 8522မှလွဲ၍ မည်သည့်ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမှမဆို ထုတ်လုပ်ခြင်း။"
- "ထိုကုန်ပစ္စည်း၏ ခေါင်းစဉ်မှလွဲ၍ အခြားမည်သည့်ခေါင်းစဉ်ခွဲ၏ ပစ္စည်းမဆို ထုတ်လုပ်ခြင်း"

အပြုသဘော ရှုထောင့်မှ ကြည့်ပါက CTC စည်းမျဉ်းသည် HS ပေါ်တွင် ဓမ္မဓိဋ္ဌာန်ကျကျ အခြေခံထားခြင်း ဖြစ်ပြီး တင်ပို့သူများနှင့် အကောက်ခွန် အရာရှိများ အနေဖြင့် ကုန်ချောပစ္စည်းသည် တင်ပို့သည့်နိုင်ငံတွင် ပင်ရင်းပင်ရင်းစတင်ခြင်း ဟုတ်မဟုတ် လွယ်ကူစွာ အတည်ပြု မှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ လိုအပ်သည့်အရာမှာ တင်သွင်းသည့် ပစ္စည်းသည် အမျိုးအစားသတ်မှတ်ချက်တွင် ပြောင်းလဲမှု ပြုလုပ်ထားရန်သာဖြစ်သည်။ ထို့ ပြင် တင်သွင်းပစ္စည်းအား အမျိုးအစား သတ်မှတ်ခြင်းသည် မှတ်တမ်းတင်မှု ကိစ္စသာဖြစ်သည်။ ဤအချက် များကြောင့် CTC စည်းမျဉ်းကို မိမိလွယ်ကူစွာ ဆုံးဖြတ်စိစစ်နိုင်သည်။

CTC စည်းမျဉ်း၏ အဓိက အားနည်းချက်တစ်ခုမှာ HS ကို ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် ရည်ရွယ် ပြုစုထားမှု မဟုတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် CTC စည်းမျဉ်းတွင် တန်ဖိုးထပ်ဖြည့် နှင့်/သို့မဟုတ် စာရင်း ပြုစုထားသည့် လုပ်ဆောင်ချက်များ စသည့် ခြွင်းချက်များ သို့မဟုတ် ထပ်တိုးစည်းများကို ကျင့်သုံးရန် လို အပ်သည်။

ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ CTC စည်းမျဉ်းနှင့် ဆက်စပ်နေသည့် နောက်ထပ် အခက်အခဲတစ်ခုမှာ HS အရ အမျိုးအ စား သတ်မှတ်ခြင်းသည် ရှုပ်ထွေးပြီး နားလည်ရ ခက်ခဲသည့် ကိစ္စဖြစ်နိုင်ခြင်း ဖြစ်သည်။ တိကျသည့် အခွန်အမျိုးအစား သတ်မှတ်ခြင်းသည် HS နှင့် (ရရှိရန် ခက်ခဲသည့်) ကုန်ပစ္စည်းအသေးစိတ် အချက်အ လက်တို့ကို လုံးစေ့ပတ်စေ့ နားလည်ခြင်းပေါ်၌ မူတည်နေသည်။

**မှတ်ရန်။**
CTC စည်းမျဉ်းအရ ပင်ရင်းကုန်ပစ္စည်းများကို အသွင်ကူးပြောင်းခြင်းကို လုပ်ဆောင်ရန် မလိုအပ်ပေ။ ဥပမာ ထုတ်ကုန်ပစ္စည်းအတွက် "ခေါင်းစဉ်ပြောင်းလဲခြင်း" လိုအပ်လျှင် စတင်တင်သွင်းသည့် သွင်းအားစုများ မဟုတ်သည့် ထုတ်ကုန်များတွက်သာ အသုံးပြုရန် လိုအပ်သည်။ တူညီသော HS ခေါင်းစဉ်အောက်တွင် ကျရောက်ခဲ့လျှင် မြန်မာနိုင်ငံအတွင်း စတင်ပြုလုပ်သည့် သွင်းအားစုများတွင် အသုံးပြုနိုင်သည်။

**၃၊ ၅၊ ၃။ "စက်ရုံထုတ်ဈေးနှုန်း"ပေါ်အခြေခံသည့် တန်ဖိုးပါဝင်မှု သတ်မှတ်ချက်ဆိုသည်မှာ အဘယ်နည်း။**

အခြားဒေသတွင်း ကုန်သွယ်မှု သဘောတူညီချက်များ (RTAs) သို့မဟုတ် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်များ (FTAs) နှင့် မတူညီသည့်အချက်မှာ EU GSP ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ (RoOs) သည် တင်သွင်းပစ္စည်းအပေါ် ထပ်ဖြည့်တန်ဖိုးကို သတ်မှတ်မထားဘဲ ရရှိသည့် ကုန်ပစ္စည်း၏ "စက်ရုံထုတ်ဈေးနှုန်း" (Ex-works price) မှသာ စတင်သတ်မှတ်ခြင်းဖြစ်ပြီး အသုံးပြုထားသည့် ပင်ရင်းနိုင်ငံ မဟုတ်သည့် ပစ္စည်းများ၏ တန်ဖိုးကို ရည်ညွှန်းသည်။ စက်ရုံထုတ်ဈေးနှုန်း ဆိုသည်မှာ ကုန်ပစ္စည်း၏ နောက်ဆုံးလုပ်ကိုင်မှု သို့မဟုတ် ပြုပြင်မှု အဆင့်ကို ဆောင်ရွက်သော ကုန်ထုတ်လုပ်သူ၏ စက်ရုံထုတ် ပစ္စည်းပေါ်တွင် ပေးချေသောဈေးနှုန်းဖြစ်သည်။ ထိုရောင်းချသည့် ဈေးနှုန်းမှ ပင်ရင်းနိုင်ငံ မဟုတ်သည့် ပစ္စည်း များ၏ တန်ဖိုးကို နုတ်ယူခြင်းဖြစ်သည်။ ဤနည်းအားဖြင့် နောက်ဆုံးကုန်ချောပစ္စည်းတွင် ပါဝင်သည့် ပင်ရင်းနိုင်ငံ မဟုတ်သည့် ပစ္စည်းများ၏ အမြင့်ဆုံးတန်ဖိုးကို သတ်မှတ်ပေးပြီး ကုန်ပစ္စည်းများကို အကျိုးခံစားရ သည့် နိုင်ငံတွင် စတင်ခွင့်ပြုပေးသည်။

အီးယူ၏ ချဉ်းကပ်ပုံသည် ကုန်ပစ္စည်း၏ နောက်ဆုံးစက်ရုံထုတ်ဈေးနှုန်းနှင့် အသုံးပြုထားသည့် ပစ္စည်းများ၏ တန်ဖိုးကိုသာ အာရုံစိုက်ထားခြင်းဖြင့် ထပ်ဆောင်းကုန်ကျစရိတ်များနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ တန်ဖိုးကိုပါ တွက်ချက်ရသည့် မှားယွင်းနိုင်သော အကဲဖြတ်မှုများကို ရှောင်ရှားနိုင်စေသည်။ ပင်ရင်းနိုင်ငံ မဟုတ်သည့်

အသုံးပြုထားသော ပစ္စည်းများကို တင်သွင်းသည့် အချိန်ကျမှ အကောက်ခွန်တန်ဖိုးအရ စဉ်းစားနိုင်သည်။ ကုန်ပစ္စည်း၏ ရည်ညွှန်းတန်ဖိုးမှာ ၎င်း၏ စက်ရုံထွက်ဈေးနှုန်းပင်ဖြစ်သည်။

တန်ဖိုးထပ်ဖြည့်စံနှုန်းဖြင့် သတ်မှတ်ခြင်း၏ အနုတ်သဘော လက္ခဏာမှာ ဥပမာ - ငွေလဲလှယ်မှု ဈေးနှုန်း များကြောင့် သို့မဟုတ် အခြားအကြောင်းတရားများကြောင့် ပြောင်းလဲရန် အလားအလာရှိသော တင်သွင်းပစ္စည်းဈေးနှုန်းများနှင့် ကုန်ပစ္စည်းများ၏ စက်ရုံထုတ်ဈေးနှုန်းများဖြစ်သည်။

တန်ဖိုးထပ်ဖြည့်စည်းမျဉ်းကို အသုံးပြုသည့်အခါ လုပ်ဆောင်သူများသည် ပင်ရင်းနိုင်ငံကို စိစစ်အတည်ပြု သည့် လုပ်ငန်းစဉ်တွင် (ကုန်သွယ်မှု လျှို့ဝှက်ချက်များဟု ရှုမြင်ကြသည့်) ၎င်းတို့၏ ဈေးနှုန်းတွက်ချက်ပုံကို အကောက်ခွန်ဌာနတွင် ဖွင့်လှစ်ပြသရန် လိုအပ်နိုင်ခြင်းဖြစ်သည်။

ထပ်ဖြည့်တန်ဖိုးဆိုင်ရာစည်းမျဉ်းများအတွက် နမူနာများ

- ကုန်ပစ္စည်းတစ်ခုအတွက် အသုံးပြုထားသည့် ပစ္စည်းများ၏ တန်ဖိုးစုစုပေါင်းသည် ၎င်းကုန်ပစ္စည်း ၏ စက်ရုံထုတ်ဈေးနှုန်း၏ ၅၀%ကို မကျော်လွန်သော ထုတ်လုပ်မှု (ဥပမာ - အခန်း ၅၀ မှ ၆၃ ပါ အထည်အလိပ်နှင့် အဝတ်အထည်များမှလွဲ၍ အခန်း ၂၅ မှ ၉၇ အတွင်း စက်မှုထုတ်ကုန်ပစ္စည်း များ)
- ကုန်ပစ္စည်းတစ်ခုအတွက် အသုံးပြုထားသည့် ပစ္စည်းများ၏ တန်ဖိုးစုစုပေါင်းသည် ၎င်း ကုန်ပစ္စည်း ၏ စက်ရုံထုတ်ဈေးနှုန်း၏ ၇၀%ကို မကျော်လွန်သော ထုတ်လုပ်မှု (ဥပမာ - စက်ယန္တယားကဏ္ဍ တွင် တပ်ဆင်မှု လုပ်ငန်းများအတွက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အတွက်သာ)

## ၃၊ ၅၊ ၄။ သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်မှုများ

လုံလုံလောက်လောက် အသွင်ပြောင်းလဲမှုကို သတ်မှတ်ပေးသည့် ဤနည်းလမ်းသည် ကုန်ပစ္စည်းတစ်ခုတွင် ပါဝင်ပြီး ထိုကုန်ပစ္စည်းအတွက် အရေးပါသည့် လက္ခဏာတစ်ရပ်ဖြစ်ပေါ်စေသည့် ပစ္စည်းတစ်ခုကို သတ်မှတ်ပေးခြင်းဖြစ်ပြီး၊ ထိုပစ္စည်းကို အကျိုးခံစားရမည့် နိုင်ငံအတွင်း၌သာ ထုတ်လုပ်ရန် သတ်မှတ်ခြင်းဖြစ်သည်။ "ပြဋ္ဌာန်းထားသည့် လုပ်ငန်းဆောင်ရွက်မှုများ"သည် ကုန်ပစ္စည်းတစ်ခုချင်းအတွက် ပါဝင်ပစ္စည်းများ ပေါ်တွင် လုပ်ဆောင်ရန် ဖော်ပြထားသည့် လုပ်ဆောင်မှု အဆင့်များစာရင်း အသုံးပြုခြင်းကိုလည်း ရည်ညွှန်းခြင်းဖြစ်သည်။ ထိုလုပ်ငန်းဆောင်ရွက်မှုများသည် ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်မှုအတွက် အရေးကြီးသည်ဟု ယူဆထားပြီး ကုန်ချောပစ္စည်းကို ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ အဆင့်အတန်း ပေးအပ်နိုင်စေသည်။ ဥပမာအချို့မှာ -

- (သိုးမွေးချည်ခင်အတွက်) – "သဘာဝ အမျှင်များကို ငင်ခင်း သို့မဟုတ် လူဖန်တီးသည့် အမျှင်များအား ဖယ်ထုတ်ခြင်းနှင့် ငင်ခြင်း"
- (လူဖန်တီးသည့် အမျှင်များကို အသုံးပြုရက်လုပ်ထည်များအတွက် စည်းမျဉ်း) – "သဘာဝနှင့် / သို့မဟုတ် လူဖန်တီးသည့် အမျှင်များကို ငင်ခြင်း၊ ထို့နောက် ရက်လုပ်ခြင်း"
  သို့မဟုတ်
  ရက်လုပ်ခြင်း၊ ထို့နောက်တွင် ဆေးဆိုးခြင်း သို့မဟုတ် အရောင်တင်ခြင်း
  သို့မဟုတ်
  ချည်ခင်များကို အရောင်ဆိုးခြင်း ထို့နောက်တွင် ရက်လုပ်ခြင်း
  သို့မဟုတ်

ပုံနှိပ်ခြင်း ထို့နောက်တွင် အကြို သို့မဟုတ် အချောသတ် လုပ်ငန်းဆောင်ရွက်ချက် အနည်းဆုံးနှစ် ခုကို ဆောင်ရွက်ခြင်း

(ဥပမာ - ပွတ်တိုက်သန့်စင်ခြင်း၊ အရောင်ချွတ်ခြင်း၊ ဆေးစိမ်ခြင်း၊ အပူပေးခြင်း၊ မြှင့်တင်ခြင်း၊ အပူဖြင့်လိုမ့်ခြင်း၊ မရှုန်းစေရန် ဆောင်ရွက်ခြင်း၊ ရေရှည်ခံ အချောသတ်ခြင်း၊ စိမ့်ဝင်စေခြင်း၊ ပြုပြင်ခြင်းနှင့် အဖုအထစ် ဖြေလျော့ခြင်း)။ ထိုသို့ဆောင်ရွက်ရာတွင် ပုံမနှိပ်ရသေးသည့် အထည်တန်ဖိုးသည် ကုန်ပစ္စည်း၏ စက်ရုံထုတ် ဈေးနှုန်း၏ ၄၇ ဒသမ ၅%ကို မကျော်လွန်စေရပါ။

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများ၏ အဝတ်အထည် ထုတ်လုပ်မှုအတွက် အကျုံးဝင်သည့် အထည်အ လိပ်ကဏ္ဍမှ ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းအသစ်သည် မြန်မာနိုင်ငံအတွက် အလွန်အကျိုးရှိသည်။ အကြောင်းမှာ အသွင်ပြောင်းလဲမှု ခေါ်ဆိုသည့် အဆင့်တစ်ဆင့်သာ လိုအပ်သောကြောင့်ဖြစ်သည်။ ၃၊ ၅၊ ၁ ရှိ ဥပမာတွင် မြင်တွေ့ရသည့်အတိုင်း တပ်ဆင် (တွဲစပ်ချုပ်လုပ်) ထားသည့် အဝတ်အထည်များအတွက် ပင်ရင်းပင်ရင်းနိုင်ငံ ဆိုင်ရာ စည်းမျဉ်းသည် အထည်မှ ထုတ်လုပ်သည်ဟူ၍ဖြစ်သည်။ ဤစည်းမျဉ်းသည် HS အခန်း ၆၁၊ ၆၂နှင့် အကျုံးဝင်သည်။ ဤစည်းမျဉ်းသည် "ဖြတ်တောက်၊ ချုပ်လုပ်၊ ထုပ်ပိုး" (CMP) သည့် မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းနှင့် အလွန်ကိုက်ညီသည်။ ထို့ကြောင့် မြန်မာထုတ်လုပ်သူများသည် မည်သည့် ယှဉ် ပြိုင်ပေးသွင်းသူထံမှဖြစ်စေ၊ ကိုယ်ပိုင် ထုတ်လုပ်သူများထံမှဖြစ်စေ၊ တတိယနိုင်ငံများမှဖြစ်စေ အထည်အ လိပ်များကို ဝယ်ယူခွင့်ရှိသည်။ ဤစည်းမျဉ်းက အချောသတ်ကုန်ပစ္စည်းအဆင့်တွင် အီးယူ ဈေးကွက် အတွင်းမြင့်မားသည့် ပြိုင်ဆိုင်မှုကို သေချာပေါက် ဖြစ်ပေါ်စေသည်။

**မှတ်ရန်။**
တိကျသေချာသော လုပ်ဆောင်ချက်များအရ ပင်ရင်းပင်ရင်းကုန်စည်များကို အသွင်ကူးပြောင်းခြင်း မပြုလုပ်ရ။ ဥပမာ- ထုတ်ကုန်အတွက် "ယက်လုပ်ခြင်း" လိုအပ်လျှင်၊ စတင်ဖန်တီးခြင်း မဟုတ်သည့် သွင်းအားစုများတွင်သာ အသုံးပြုရန် လိုအပ်သည်။ တိကျသည့် လုပ်ဆောင်ချက်ကို တာဝန်ယူ မလုပ်ဆောင်ခြင်းကို မြန်မာနိုင်ငံတွင် စတင်ပြု လုပ်သည့် သွင်းအားစုများကို အသုံးပြုနိုင်သည်။

### ၃၊ ၅၊ ၅။ ပေါင်းစပ်ခြင်းများ

စည်းမျဉ်းစည်းကမ်းများသည် တင်ပြထားသည့် စည်းမျဉ်းများကို နည်းလမ်းမျိုးစုံဖြင့် ပေါင်းစပ်ပေးခြင်းဖြင့် ၎င်းတို့အပေါ် နောက်ထပ် ပြင်ဆင်မှုများ ပြုလုပ်သည်။ ဖြည့်စွက်ရေးဆွဲထားသည့် အရေးပါသော စည်းမျဉ်းများကို ထပ်မံပေါင်းထည့်နိုင်သည်။ (နှင့် ၊ မှသာလျှင်) သို့မဟုတ် ထုတ်လုပ်သူများကိုယ်တိုင် စည်းမျဉ်း၊ စည်းကမ်းများကို ရွေးချယ်နိုင်သည်။ (သို့မဟုတ်) အချို့ ဥပမာများ (အလေးထား ပေါင်း ထည့်ခြင်း)

- ထုတ်လုပ်မှု
  - ကုန်ပစ္စည်း၏ ခေါင်းစဉ်မှလွဲ၍ မည်သည့်ခေါင်းစဉ်အောက်ရှိ ပစ္စည်းများမဆို ထုတ်လုပ်နိုင် သည်။
  - ထိုသို့ ထုတ်လုပ်ရာတွင် အသုံးပြုသည့် အခန်း(၄)မှ ပစ္စည်းအားလုံး၏ တန်ဖိုးသည် အပြီး သတ် ကုန်ပစ္စည်း၏ အလေးချိန်၏ ၄၀%ကို မကျော်လွန်စေရ။
- ပုံနှိပ်ခြင်း ထို့နောက်တွင် အကြို သို့မဟုတ် အချောသတ် လုပ်ငန်းဆောင်ရွက်ချက် အနည်းဆုံးနှစ်ခုကို ဆောင်ရွက်ခြင်း (ဥပမာ - ပွတ်တိုက်သန့်စင်ခြင်း၊ အရောင်ချွတ်ခြင်း၊ ဆေးစိမ်ခြင်း၊ အပူပေးခြင်း၊ မြှင့်တင်ခြင်း၊ အပူဖြင့်လိုမ့်ခြင်း၊ မရှုန်းစေရန် ဆောင်ရွက်ခြင်း၊ ရေရှည်ခံ အချောသတ်ခြင်း၊ စိမ့်ဝင်စေခြင်း၊ ပြုပြင်ခြင်းနှင့်

အဖုအထစ်ဖြေလျော့ခြင်း)။ ထိုသို့ဆောင် ရွက်ရာတွင် ပုံမနှိပ်ရသေးသည့် အထည်တန်ဖိုးသည် ကုန်ပစ္စည်း၏ စက်ရုံထုတ်စျေးနှုန်း၏ ၄၇ ဒသမ ၅% မကျော်လွန်စေရပါ။

- မည်သည့်ခေါင်းစဉ်ဖြင့်မဆို ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ၊ စက်ရုံထုတ်စျေးနှုန်း၏ ၇၀% မကျော်လွန်သော ကုန်ပစ္စည်းများကို အသုံးပြုထားသည့် ထုတ်ကုန်များမှလွဲ၍။

## ၃၊ ၆ ပေါင်းစပ်တွက်ချက်မှုစနစ်

### ၃၊ ၆၊ ၁ ပေါင်းစပ်တွက်ချက်မှုစနစ်နှင့်ကိုက်ညီခြင်း

ပေါင်းစပ်တွက်ချက်မှုသည် ဥရောပသမဂ္ဂတွင် ပင်ရင်းပင်ရင်းပြုသည့် သွင်းအားစုများ (နှစ်နိုင်ငံအကြားပေါင်းစပ်တွက်ချက်မှု) သို့မဟုတ် အခြားနိုင်ငံများမှ သွင်းအားစုများအား အသုံးပြုခြင်းကို ခွင့်ပြုသည်။ ယင်းသို့ခွင့်ပြုသည့်နေရာတွင် အဆိုပါ သွင်းအားစုများကို မြန်မာနိုင်ငံတွင် ပင်ရင်းပင်ရင်းပြုထားခဲ့သကဲ့သို့ မှတ်ယူထားသည်။ ဤအချက်က ပင်ရင်းဒေသဆိုင်ရာစည်းမျဉ်းများကို ပြည့်မှီအောင် အကူအညီပေးနိုင်သည်။ ဥပမာ- သီးခြား ထုတ်ကုန်တစ်မျိုးအတွက် ပင်ရင်းဒေသစည်းမျဉ်းများသည် စက်ရုံထုတ်စျေး၏ အနိမ့်ဆုံးဒေသတွင်း တန်ဖိုးဂေစု ၃၀ % ကို လိုအပ်သည်ဆိုလျှင် ဥရောပသမဂ္ဂတွင် ပင်ရင်းပင်ရင်းပြုသည့် သွင်းအားစုများသည်လည်း အဆိုပါ အနိမ့်ဆုံး ဒေသတွင်းတန်ဖိုးဂေစုသို့ ဦးတည်ရေတွက်မည်ဖြစ်သည်။ ထို့ကြောင့် ပေါင်းစပ်တွက်ချက်မှုတွင် အလျှော့အတင်းပြုလုပ်နိုင်သည့်သဘောကိုထည့်သွင်းထားပြီး ထုတ်ကုန်များ၏ ပင်ရင်းဖြစ်မှုကို အခွင့်အရေး ပေးအပ်ထားခြင်းဖြစ်ကာ ယင်းသို့မဟုတ်ပါက ပင်ရင်းထုတ်ကုန် အဖြစ်သတ်မှတ်မည်မဟုတ်ပေ။

ဆိုခဲ့သည့်အတိုင်း ပင်ရင်းဒေသစည်းမျဉ်းများသည် ယခင်ကတည်းက အလွန်အလျှော့အတင်းလုပ်နိုင်သည့် သဘောဖြစ်ကာ ပေါင်းစပ်တွက်ချက်မှုဆိုင်ရာ သတ်မှတ်ဖော်ပြချက်များသည် နောက်ထပ် အလျှော့အတင်းလုပ်နိုင် သည့် သဘောနည်းနည်းကို ထပ်ပေါင်းထည့်လိုက်ခြင်းမျိုးဖြစ်သည်။ မြန်မာနိုင်ငံက အသုံးပြုနေသည့် EU GSP အတွက် အဓိက ထုတ်ကုန်အမျိုးအစားများ၊ အမည်အားဖြင့် အထည်နှင့် အခြားအဂတ်အထည် ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများအတွက် ပင်ရင်းဒေသစည်းမျဉ်းများသည် အလွန်အလျှော့အတင်းလုပ်နိုင် သည့်အခြေအနေရှိသည်။ ဥပမာ- အဂတ်အထည်ထုတ်လုပ်ရန်အတွက် အခြားမည်သည့် တတိယအုပ်စုထံ မှ ချည်ကုန်ကြမ်းကိုမဆို အသုံးပြုရန်ခွင့်ပြုထားခြင်းမျိုးဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ EU ၏ပင်ရင်းထုတ်ကုန်၊ ချည်ကုန်ကြမ်းကို အသုံးပြုလျှင်လည်း အားသာချက်မရှိနိုင်ဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။ အကယ်၍ တရုတ်နိုင်ငံမှထုတ်လုပ်ထားသော ကုန်ကြမ်းကိုသုံးစွဲထားလျှင်ပင် အဆိုပါထုတ်ကုန်သည် မည်သည့်ကိစ္စ ရပ်၌ မဆို အရည်အချင်းပြည့်မှီသည်ဟု ပြောနိုင်သည်။ အကယ်၍ ပင်ရင်းဒေသစည်းမျဉ်းများသည် ပင်ရင်းပင်ရင်းပြုထားသည့် ချည်ကုန်ကြမ်းကိုသာအသုံးပြုရန်လိုအပ်သည်ဟုဆိုလျှင် ဤအချက်သည် ကွဲပြားခြားနား သွားနိုင်သည်။ သို့သော် ၎င်းသည် EU GSP အတွက် ဖြစ်ရပ်မဟုတ်ပေ။

**မှတ်ချက်။** ။ ပေါင်းစပ်တွက်ချက်မှုဆိုင်ရာပြဌာန်းသတ်မှတ်ချက်များသည် ပင်ရင်းဒေသစည်းမျဉ်းများက ကန့်သတ်ထားသည့် မည်သည့်အချိန်မဆို အထူးသဖြင့် ကိုက်ညီမှုရှိကြသည်။ တတိယအုပ်စုထံမှ သွင်းအားစုများ အများအပြားကို အသုံးပြုရန်ခွင့်ပြုထားသည့် အလွန်အလျှော့အတင်းရှိသော ပင်ရင်းဒေသစည်းမျဉ်းရှိသည့် ထုတ်ကုန်များအတွက် ပေါင်းစုခြင်းက ကိုက်ညီမှုနည်းသည်ဟုဆိုရမည်ဖြစ်သည်။

### ၃၊ ၆၊ ၂ နှစ်နိုင်ငံအကြား ပေါင်းစပ်တွက်ချက်မှု

အကျိုးခံစားရသည့် နိုင်ငံရှိ ကုန်ထုတ်လုပ်သူသည် ပြည်တွင်းထုတ်လုပ်မှုတွင် **EU မှ ပင်ရင်းထုတ်ကုန်ပစ္စည်းများအား အသုံးပြု**ခွင့်ရရှိပြီး ပင်ရင်းဒေသ ဆုံးဖြတ်ရာ၌ ၎င်းတို့ကို မြန်မာနိုင်ငံတွင် ပင်ရင်းပင်ရင်းပြုထားသည့် ပစ္စည်းများအဖြစ် ယူဆသည်။ ဤစနစ်ကို နှစ်နိုင်ငံအကြားပေါင်းစပ်တွက်ချက်မှုဟုခေါ်ဆိုပြီး လယ်ယာထွက်ကုန်နှင့် စက်မှုထုတ်ကုန်အားလုံးအတွက် အကျုံးဝင်သည်။

ထို့အပြင် EU၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့သည် အလားတူ GSP ပင်ရင်းဒေသစည်းမျဉ်းများကို ကျင့်သုံးရန်နှင့် မိမိတို့၏ ကုန်ပစ္စည်းများအား ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုတွင် ကုန်ပစ္စည်းများ ထုတ်လုပ်ရာ၌ အသုံးပြုခဲ့လျှင် ပင်ရင်းဒေသအဖြစ် မိမိတို့အချင်းချင်း အသိအမှတ်ပြုကြရန် စာတမ်းများ အပြန်အလှန်ဖ လှယ်လျှက် သဘောတူထားကြသည်။ သို့သော် မိတ်ဖက်လေးနိုင်ငံအကြား ပေါင်းစပ်တွက်ချက်မှုနည်းလမ်းသည် HS အခန်း ၂၅ မှ ၉၇ အတွင်းကျရောက်သော စက်မှုထုတ်ကုန်ပစ္စည်းများအတွက်သာ အကျုံးဝင်သည်။

အကျိုးခံစားရသည့် နိုင်ငံသည် EU၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့တွင် ပင်ရင်းပင်ရင်းပြုထားသည့် ပစ္စည်းများကို ပေါင်းစည်းထည့်သွင်းနိုင်ပြီး ပင်ရင်းဒေသကို ဆုံးဖြတ်ရာ၌ မိမိနိုင်ငံတွင် ပင်ရင်းပင်ရင်းပြုခြင်းဟု ယူဆနိုင်သည်။ ဤနည်းလမ်းသည် EU နှင့် ၎င်း၏ GSP မိတ်ဖက်များမှ ပစ္စည်းများအား အသုံးပြုခြင်းကို လှုံ့ဆော် ပေးနိုင်သည်။ သတ်မှတ်ထားသည့်အချက်မှာ EU မှ ကုန်တင်ပို့သူသည် **ပင်ရင်းဒေသသက်သေခံ လက်မှတ် EUR1** (သို့မဟုတ် ဆီလျော်မှုရှိပါက ငွေတောင်းခံလွှာကြေညာချက်) ကို GSP ပင်ရင်းဒေသဆိုင် ရာစည်းမျဉ်းများအရ နှစ်နိုင်ငံအကြား ပေါင်းစပ်တွက်ချက်မှုအတွက် ထုတ်ပြန်ပေးနိုင်သည်။ ၎င်းအား ဥရောပပို့ကုန် တင်ပို့သူများအနေဖြင့် မှတ်ပုံတင်ရန်နှင့် ပင်ရင်းဒေသကို ကိုယ်တိုင်ထုတ်ဖော်ကြေညာရန်လိုသည့် **REX** စနစ်သစ်ဖြင့် လတ်တလော အစားထိုးထားသည်။

| |
|---|
| **သတိပေးချက်။** ။ ပေါင်းစပ်တွက်ချက်မှုကို ကျင့်သုံးနိုင်ရန်နှင့် GSP ပင်ရင်းဒေသဆိုင်ရာအထူးအခွင့်အရေးကို တောင်းဆိုနိုင်ရန် အကျိုးခံစားရသည့်နိုင်ငံ၌ ကုန်ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းသည် အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်ခြင်းများကို ကျော်လွန်ရန် လိုအပ်သည်။ (နောက်တွင်လည်း ကြည့်နိုင်သည်) |

### ၃၊ ၆၊ ၃ ဒေသတွင်းနှင့် အခြားပေါင်းစပ်တွက်ချက်မှုပုံသဏ္ဍာန်များ

"ဒေသတွင်းပေါင်းစပ်တွက်ချက်မှု" ဆိုသည်မှာ ဒေသတွင်း အုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံတစ်နိုင်ငံတွင် ပင်ရင်းပင်ရင်းပြု သည့် ကုန်ပစ္စည်းများကို အဆိုပါ ဒေသတွင်းအုပ်စု၏ အခြားအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ် အုပ်စုများအကြား ပေါင်းစပ်တွက်ချက်မှုပြုထားပါက အခြားဒေသတွင်း အုပ်စုတစ်ခု၏ အဖွဲ့ဝင်နိုင်ငံ) တွင် ဆက်လက်လုပ်ဆောင်ပါက သို့ မဟုတ် ထိုနိုင်ငံတွင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများတွင် ပေါင်းစည်းထည့်သွင်းပါက ၎င်းနိုင်ငံတွင် ပင်ရင်းပင်ရင်းပြု သည့် ပစ္စည်းဟု ယူဆခြင်းဖြစ်သည်။ သို့သော် အဆိုပါလုပ်ဆောင်ချက် သို့မဟုတ် ပြုပြင်ခြင်းလုပ်ငန်းစဉ် သည် အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်ခြင်းများကို ကျော်လွန်ရမည်ဖြစ်သည်။ (အချက် ၃၊၅၊၁ အားရှု ရန်) GSP တွင် ဒေသတွင်းပေါင်းစပ်တွက်ချက်မှုကို ခွင့်ပြုထားသည့် ဒေသတွင်းအုပ်စု လေးခုရှိသည်-

(က) အုပ်စု (၁) - ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ/ဗမာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်။

(ခ) အုပ်စု (၂) - ဘိုလီဗီးယား၊ ကိုလံဘီယာ၊ ကော့စတာရီကာ၊ အီကွေဒေါ၊ အယ်လ်ဆာဗေဒို၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာ၊ ပနားမား၊ ပီးရူး၊ ဗင်နီဇွဲလား။

(ဂ) အုပ်စု (၃) - ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်ဗ်၊ နီပေါလ်၊ ပါကစ္စတန်၊ သီရိလင်္ကာ။

(ဃ) အုပ်စု (၄) - အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေး။

ဒေသဆိုင်ရာပေါင်းစပ်တွက်ချက်မှု စည်းမျဉ်းသစ်များကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်သက်ရောက်စေခဲ့သည်ဆိုသော်လည်း ဒေသဆိုင်ရာပေါင်းစပ်တွက်ချက်မှုသည် GSP အား ခံစားခွင့်ရှိသောနိုင်ငံများဖြစ်သည့် နိုင်ငံများ၌သာ ဖြစ်ပေါ်ပေမည်။ အဆိုပါ ခံစားခွင့်ရှိသောနိုင်ငံများတွင် ဝင်ငွေမြင့်မားသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အထက်ဆင့်ရှိနိုင်ငံများ မပါဝင်သလို (ကူးပြောင်းကာလ ၂ နှစ်တာကြာပြီးနောက်) EU နှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူ စာချုပ်လက်မှတ်ရေးထိုးထားသည့်နိုင်ငံများလည်း မပါ ဝင်ပေ။ ခိုင်လုံအောင်ပြောရမည်ဆိုလျှင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ဘရူနိုင်းနှင့် မလေးရှားနိုင်ငံ တို့သည် ၎င်းတို့ဝင်ငွေမြင့်မားသော စီးပွားရေးအခြေအနေကြောင့် ဒေသဆိုင်ရာ ပေါင်းစပ်တွက်ချက်မှု၏ အစိတ်အပိုင်းအဖြစ်ဆက်လက်တည်ရှိမနေတော့ပေ။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ မှစတင်ကာ ထိုင်းနိုင်ငံအားလည်း အလားတူပုံစံမျိုးဖြစ်စေခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်ကာ မြန်မာနိုင်ငံသာလျှင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သော အောက်ပါ အုပ်စု (၁) GSP နိုင်ငံများနှင့် အတူ ပေါင်းစပ်တွက်ချက်မှုပြုနိုင်သည်။ အခွန်ဦးစားပေးပုံအဆင့်အတန်းအမျိုးမျိုးရှိသည့် နိုင်ငံများအကြားကုန်သွယ်ရေးအားထိခိုက်ခြင်းမှ ကာကွယ်သည့်အနေဖြင့် ဒေသတွင်းပေါင်းစပ်တွက်ချက်မှုတွင် သီးခြားထိလွယ်ရှလွယ် ထုတ်ကုန်ပစ္စည်းများကို ဖယ်ချန်ထားသည်။ (၎င်းမှာ အသား၊ ဆန်၊ ဆန်မှုန့်၊ ကိုလာ သို့မဟုတ် ကော်ဖီ နှင့် အခြားပြင်ဆင်ထားသည့်ထုတ်ကုန်ပစ္စည်းများဖြစ်သည်။)

> **မှတ်ရန်။ ။** ဒေသတွင်းအုပ်စုတွင် အသုံးပြုသည့် သွင်းအားစု ပစ္စည်းများအားပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်ပေးသည့် ပင်ရင်းဒေသဆိုင်ရာစည်းမျဉ်းများသည် EU GSP RoO ပေါ်၌ အခြေခံခြင်းဖြစ်ပြီး ဒေသတွင်း အထူး အခွင့်ရေးပေးသည့် အစီအစဉ်၏ RoO ပေါ်တွင် အခြေခံခြင်းမဟုတ်ပါ။

အုပ်စု (၁) သို့မဟုတ် အုပ်စု (၂) မှ အကျိုးခံစားရသည့် နိုင်ငံ၏ အာဏာပိုင်များ၏ တောင်းဆိုမှုဖြင့် အဆိုပါ အုပ်စုများမှ နိုင်ငံများအကြား ဒေသအဆင့်ပေါင်းစပ်တွက်ချက်မှုကို ကော်မရှင်က ခွင့်ပြုနိုင်သည်။ သို့သော် GSP RoO ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် ချမှတ်ထားသည့် သတ်မှတ်ချက်တစ်ခုစီကို ပြည့်မီကြောင်း ကော်မရှင် က လက်ခံရန် လိုအပ်သည်။

အကျိုးခံစားရသည့် နိုင်ငံတစ်နိုင်ငံမှ အာဏာပိုင်များက မေတ္တာရပ်ခံပါက အကျိုးခံစားရသည့် နိုင်ငံတစ်နိုင် ငံနှင့် ဥရောပသမဂ္ဂနှင့် လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် တရားဝင်တည်ရှိနေသော နိုင်ငံတစ်နိုင် ငံအကြား ချဲ့ထွင်သောပေါင်းစပ်တွက်ချက်မှုကို ကော်မရှင်က ခွင့်ပြုနိုင်သည်။ သို့သော် GSP RoO ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် ချမှတ်ထားသည့် သတ်မှတ်ချက်တစ်ခုချင်းစီနှင့် ကိုက်ညီမှုရှိရမည် (အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု)။ အာရှတိုက်တွင် EU နှင့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် တရားဝင်ပြုလုပ်ထားသော သို့မဟုတ် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် တရားဝင်ပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် နိုင်ငံအများအပြား (ဥပမာ- စင်ကာပူ၊ ဗီယက်နမ်) ရှိသည်။ HS အခန်း ၁ မှ ၂၄ အတွင်း အကျုံးဝင်သော အရာဝတ္ထုပစ္စည်းများကို ချဲ့ထွင်ထားသည့် ပေါင်းစပ်တွက်ချက်မှုမှ ဖယ်ရှားထားသည့်အချက်ကို မှတ်သားထားရန် အရေးကြီးသည်။

### ၃၊ ၇။ အခြားစည်းမျဉ်းစည်းကမ်းများ

ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအား လုပ်ဆောင်ခြင်းနှင့်ဆက်စပ်သည့် နောက်ထပ်စည်းမျဉ်းစည်းကမ်းများစွာရှိသေးသည်။ ၎င်းစည်းမျဉ်းများသည် အထက်တွင် ဖော်ပြခဲ့သည့် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ အားကျင့်သုံးမှုတွင် တားဆီးကန့်သတ်မှုများကို ဖြစ်ပေါ်စေသည်။

**၃၊ ၇၊ ၁ အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်ခြင်းများ (မလုံလောက်သော လုပ်ဆောင်ခြင်း သို့မဟုတ် ပြုပြင်ဆောင်ရွက်ခြင်း)**

စာရင်းထဲတွင် တွေ့ရှိရသည့် ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းတစ်ခုကို ပြည့်မီစေကာမူ ကုန်ပစ္စည်း၏ ပင်ရင်းဒေသကို သတ်မှတ်ပေးရန် အချို့သောလုပ်ငန်းဆောင်ရွက်မှုများကို ဖယ်ထုတ်ထားသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများသည် ပင်ရင်းဒေသ ပေါင်းစုဖြစ်ပေါ်လာသည့် ဖြစ်ရပ်များ၌ ပင်ရင်းဒေသကို မပြောင်းလဲနိုင်ရန်လည်း တားဆီးထားသည်။ ယင်းကဲ့သို့ အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်မှုများမှာ-

(က) သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်မှုအတွင်း ကုန်ပစ္စည်းများ အခြေအနေကောင်းမွန်စေရန် လုပ်ငန်းဆောင်ရွက်မှုများကို ထိန်းသိမ်းထားခြင်း

(ခ) အစုအတွဲများကို ခွဲခြမ်းစိတ်ပိုင်းခြင်းနှင့် ပြန်လည်တပ်ဆင်ခြင်း

(ဂ) ဖုန်များ၊ သံချေးများ၊ ဆီများ၊ ဆေးများနှင့် အခြားဖုံးအုပ်နေသည်များကို ဆေးကြော၊ သန့်စင်၊ ဖယ်ရှားခြင်း

(ဃ) အထည်အလိပ်များနှင့် အထည်အလိပ်ဆိုင်ရာပစ္စည်းများကို မီးပူတိုက်ခြင်း သို့မဟုတ် ဖိခြင်း

(င) သာမန်ဆေးသုတ်ခြင်းနှင့် အရောင်တင်ခြင်းလုပ်ငန်းများ

(စ) ဆန်ကို တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံ ကြိတ်ခွဲခြင်း၊ ဆန်နှင့် အနံများကို အရောင်တင်ခြင်း

(ဆ) သကြားကို အရောင်တင်ရန် သို့မဟုတ် အရသာထည့်သွင်းရန် သို့မဟုတ် သကြားခဲများပြုလုပ်ရန် ဆောင်ရွက်ခြင်း၊ သကြားပွင့်အကြည်များရရှိရန် ဆောင်ရွက်ခြင်း

(ဇ) သစ်သီးများ၊ အခွံမာသီးများနှင့် ဟင်းသီးဟင်းရွက်များကို အခွံနွှာခြင်း၊ အစေ့ထုတ်ခြင်းနှင့် အခွံဖယ် ရှားခြင်း

(ဈ) သွေးခြင်း၊ ထက်အောင်ပြုလုပ်ခြင်း၊ ဖြတ်တောက်ခြင်း

(ည) ဆန်ကာချခြင်း၊ ခွဲခြားခြင်း၊ ရွေးချယ်ခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ တွဲဖက်ခြင်း(အစုံများတွဲခြင်းအပါအဝင်)

(ဋ) ပုလင်းသွပ်ခြင်း၊ ဗူးသွပ်ခြင်း၊ ဓာတ်ဘူးများ၊ အိတ်များ၊ ပုံးများတွင်ထည့်သွင်းခြင်း၊ ကတ်များ၊ ဘုတ်ပြားများတွင် ချိတ်တွဲခြင်းနှင့် အခြားရိုးရှင်းသည့် ထုပ်ပိုးခြင်းဆိုင်ရာလုပ်ငန်းများ

(ဌ) အမှတ်အသားများ၊ စာတမ်းများ၊ တံဆိပ်များနှင့် အခြားသိသာထင်ရှားစေသည့် လက္ခဏာများကို ကုန်ပစ္စည်းပေါ်တွင်ဖြစ်စေ၊ ထုပ်ပိုးပစ္စည်းပေါ်၌ဖြစ်စေ တပ်ဆင်ခြင်း

(ဍ) ကုန်ပစ္စည်းများအား အမျိုးတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ရောနှောခြင်း၊ သကြားနှင့်ရောနှောခြင်း

(ဎ) ပြီးပြည့်စုံသည့် ကုန်ပစ္စည်းတစ်ခု ဖြစ်လာစေရန် အစိတ်အပိုင်းများကို တပ်ဆင်ခြင်း သို့မဟုတ် ကုန်ပစ္စည်းကို အစိတ်အပိုင်းများအဖြစ် တစ်စစီဖြုတ်ခြင်း

(ဏ) (က) မှ (ဎ) အထိအတွင်းဖော်ပြထားသည့် အဆင့်များကို နှစ်ခုနှင့်အထက် ပေါင်းစပ်ဆောင်ရွက်ခြင်း

(တ) ရေရောခြင်း၊ ကျဲသွားစေရန်၊ အားပျော့သွားစေရန် ဆောင်ရွက်ခြင်း

(ထ) ပြီးပြည့်စုံသည့် ကုန်ပစ္စည်းရရှိစေရန် အစိတ်အပိုင်းများကို တပ်ဆင်ခြင်း၊ သို့မဟုတ် ကုန်ပစ္စည်းကို အစိတ်အပိုင်းများအဖြစ် ဖြုတ်ပစ်ခြင်း

(ဒ) (က) မှ (ဎ) ထိ ဖော်ပြခဲ့သည့် လုပ်ငန်းများအနက် နှစ်ခုနှင့်အထက်ကို ပေါင်းစည်းဆောင်ရွက်ခြင်း

(ဓ) တိရစ္ဆာန်များအား သားသတ်ခြင်း

အထည်အလိပ်ကဏ္ဍ၏ ရည်ရွယ်ချက်များအတွက် ကော်မရှင်လုပ်ပိုင်ခွင့်ခွဲဝေပေးမှုဆိုင်ရာစည်းမျဉ်း (အီးယူ) ၂၀၁၅/၂၄၄၆ ၏ နောက်ဆက်တွဲ ၂၂-၀၅ တွင် ဖော်ပြထားသည့် ရိုးရှင်းသည့်ထပ်မံဖြည့်စွက်သော လုပ်ဆောင်ချက်များကို ဒေသတွင်းစုပေါင်းတွက်ချက်မှုမှရရှိလာသည့် ပင်ရင်းဒေသအဖြစ် မသတ်မှတ်ပါ။ အဆိုပါ လုပ်ဆောင်ချက်များမှာ -

- ကြယ်သီးတပ်ခြင်းနှင့်/သို့မဟုတ် အခြားတပ်ဆင်မှုအမျိုးအစားများ
- ကြယ်သီးပေါက်ဖောက်ခြင်း
- ဘောင်းဘီနှင့် အင်္ကျီလက်များ အနားသတ်ခြင်း သို့မဟုတ် စကတ်များနှင့် အမျိုးသမီးအဂါတ်များ အနားလုံးခြင်းစသည်
- လက်ကိုင်ပုဝါများ၊ စားပွဲခင်းများ အနားလုံးခြင်း
- အင်္ကျီအိပ်၊ တံဆိပ်၊ စာတမ်းစသည့် အဆင်တန်ဆာများကို တပ်ဆင်ခြင်းနှင့် အနားသပ်ခြင်း
- အသင့်ချုပ်ပြီးရောင်းချရန် အဂါတ်အထည်များအတွက် မီးပူတိုက်ခြင်းနှင့် အခြားပြင်ဆင်ခြင်းများ
- သို့မဟုတ် အထက်ပါလုပ်ဆောင်ချက်များကို ပေါင်းစပ်ထားခြင်း

## ၃၊ ၅၊ ၂ နယ်မြေဒေသဆိုင်ရာမှု

ပင်ရင်းပင်ရင်းပြသော ကုန်ပစ္စည်းတစ်ခုကို ရရှိစေသည့် လုပ်ကိုင်မှု သို့မဟုတ် ထုတ်လုပ်မှုလုပ်ငန်းစဉ်အားလုံးကို အကျိုးခံစားသည့် နိုင်ငံအတွင်း၌ အပြတ်အတောက်မရှိပဲ လုပ်ကိုင်ဆောင်ရွက်ရမည်။

တင်ပို့လိုက်သည့် ပင်ရင်းပင်ရင်းကုန်ပစ္စည်းများ ပြန်လည်ဝင်ရောက်လာပါက ၎င်းတို့ကို အောက်ပါအခြေအနေများ တွင် ပင်ရင်းဒေသမဟုတ်ဟု ယူဆရမည်-

ပြန်လည်တင်သွင်းသည့် ကုန်ပစ္စည်းများသည် တင်ပို့သည့် ကုန်စွည်းနှင့်မတူညီခြင်း

၎င်းတို့အား ကောင်းမွန်သည့် အခြေအနေများဖြင့် ထိန်းသိမ်းထားရန် လိုအပ်သည့် လုပ်ဆောင်ချက်အပြင် တစ်စုံတစ်ရာကို ဆောင်ရွက်ထားခြင်း။

## ၃၊ ၅၊ ၃ ပြုပြင်ပြောင်းလဲမှုမပြုခြင်းဆိုင်ရာ စည်းမျဉ်း (ယခင် "တိုက်ရိုက်သယ်ယူပို့ဆောင်မှု")

ဤစည်းမျဉ်းကို သိသာထင်ရှားစွာ ပိုမိုရိုးရှင်းလွယ်ကူစေရန် ဆောင်ရွက်ခဲ့သည်။ ဥရောပသမဂ္ဂအတွင်း လွတ်လပ်စွာ လည့်လည်ဖြန့်ဖြူးနိုင်ရန် ထုတ်ပေးရေးအတွက် အကောက်ခွန်ဌာနသို့ ကြေညာတင်ပြလား သည့် ကုန်ပစ္စည်းများသည် တင်ပို့လိုက်သည့် အကျိုးခံစားရသောနိုင်ငံမှ ထွက်ခွာစဉ်က အတိုင်း တူညီရန် လိုအပ်ပြီး မည်သည့်နည်းနှင့်မျှ လမ်းခရီးတွင် ပြောင်းလဲခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းမပြုလုပ်ရန် လိုအပ်သည်။ ကုန်စည်များသည် အခြားတိုင်းပြည်များတွင် ကူးပြောင်းစဉ်ကာလ၌လည်း အကောက်ခွန်ဌာ နများ၏ ကြီးကြပ်မှုအောက်၌ ရှိစေရမည်။ ဤစည်းမျဉ်းကိုလိုက်နာမှုနှင့်ပတ်သက်၍ အကောက်ခွန်က သံသယရှိပါက ဤစည်းမျဉ်းနှင့် ညီညွတ်မှုကို ကျေနပ်ဖွယ်ဟု ယူဆသည်။ ထိုသို့ သံသယဖြစ်ပါက ကုန်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း ကြေညာသူသည် သယ်ယူပို့ဆောင်မှုနှင့် သက်ဆိုင်သည့် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ကုန်ပစ္စည်းများကို ပြုပြင်ပြောင်းလဲထားခြင်းမရှိကြောင်း သက်သေပြရမည်။

## ၃၊ ၅၊ ၄။ ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာ ဖြေလျှော့ခြင်းများ

(က) အထည်အလိပ်ကဏ္ဍမှလွဲ၍ ကုန်ပစ္စည်းအားလုံးအတွက် လိုက်လျောနိုင်စွမ်းဆိုင်ရာစည်းမျဉ်း

စည်းမျဉ်းများစာရင်းများတွင် ဖော်ပြထားသည့် အခြေအနေများအရ ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရာ၌ အသုံးမပြုရမည့် ပင်ရင်းဒေသမဟုတ်သည့်ပစ္စည်းများကို ၎င်းတို့၏ စုစုပေါင်းတန်ဖိုး သို့မဟုတ် ကုန်ပစ္စည်း၏ တိုင်းတာထားသည့် အသားတင်အလေးချိန်သည် အောက်ပါပမာဏကို ကျော်လွန်ခြင်းမရှိ လျှင် အသုံးပြုခွင့်ရှိသည်။

- သဟဇာတဖြစ်သည့်စနစ် (HS) အခန်း (၂) နှင့် (၄) မှ (၂၄) အတွင်းပါဝင်သည့် ကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းအလေးချိန်၏ ၁၅%၊ ခြွင်းချက်အဖြစ် အခန်း (၁၆) မှ ပြုပြင်ထားသည့် ရေလုပ်ငန်းထွက်ကုန်များ မပါဝင်။
- အခြားကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်း၏ စက်ရုံထုတ်စျေးနှုန်း၏ ၁၅%၊ ခြွင်းချက်အဖြစ် ဟန်ချက်ညီ စည်းဝါးညှိစနစ် (HS) ၏ အခန်း (၅၀) မှ (၆၃) အတွင်း (အထည်အလိပ်လုပ်ငန်းကဏ္ဍ) အတွင်းကျ ရောက်သည့် ကုန်ပစ္စည်းများမပါဝင်။

**မှတ်ရန်။** ။ လိုက်လျောနိုင်စွမ်းစည်းမျဉ်းသည် ကုန်ပစ္စည်းအလိုက် သတ်မှတ်စည်းမျဉ်းများတွင် ချမှတ်ထား သည့် ရာခိုင်နှုန်းများကို ကျော်လွန်ခွင့်မပြုပါ။

(ခ) အထည်အလိပ်ကဏ္ဍအတွက် အထူးလိုက်လျောနိုင်စွမ်းဆိုင်ရာ စည်းမျဉ်းများ

ပင်ရင်းနိုင်ငံစည်းမျဉ်းစာရင်းများအတွက် မိတ်ဆက်မှတ်စုများတွင် အထည်အလိပ်ကဏ္ဍအတွက်သာ သီးသန့် အကျုံးဝင်သည့် အထူးလိုက်လျောနိုင်စွမ်းဆိုင်ရာ အသေးစိတ်စည်းမျဉ်းများ ပါဝင်သည်။ (HS ၏ အခန်း (၅၀) မှ (၆၃) အတွင်းပါဝင်သည့် ကုန်ပစ္စည်းများ)

(ဂ) ပင်ရင်းနိုင်ငံဆိုင်ရာစည်းမျဉ်းများကို လျှော့ပေါ့ပေးခြင်း

ဒီးယူကော်မရှင်၏ အစပြုလုပ်ဆောင်ခြင်းကြောင့်ဖြစ်စေ သို့မဟုတ် အခွင့်အရေးခံစားသောနိုင်ငံတစ်ခုမှ မေတ္တာ ရပ်ခံချက်ကို တုံ့ပြန်သည့်အနေဖြင့်ဖြစ်စေ ပင်ရင်းနိုင်ငံစည်းမျဉ်းများအား လျှော့ပေါ့ပေးခြင်းကို ဒီးယူစည်းမျဉ်းအမှတ် ၉၅၂/၂၀၁၃ ၏ အပိုဒ်။ ၆၄ (၆) အပေါ်အခြေခံ၍ ခွင့်ပြုနိုင်သည်။ ထိုသို့လျှော့ပေါ့ပေးရန် တောင်းဆိုချက်ကို EU ကော်မရှင်ထံ စာရေးသားတောင်းဆိုရမည်။ အကယ်၍ ထိုကဲ့သို့သော လျှော့ပေါ့ပေးမှုကို တစ်စုံတစ်ရာသော ကုန်ပစ္စည်းများအတွက် ခွင့်ပြုပေးပါက ၎င်းကို အကျိုးခံစားရသည့် နိုင်ငံရှိ စွမ်းဆောင်ရည်ပြည့်ဝသည့် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပေးသော ပင်ရင်းဒေသဆိုင်ရာ သက်သေခံလက်မှတ် ပုံစံ (A) ၏ အကွက် (၄) တွင် ဖော်ပြ ရမည်ဖြစ်သည်။ (မြန်မာနိုင်ငံတွင် အဆိုပါအဖွဲ့အစည်းမှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဖြစ်သည်။)

**၃၊ ၇၊ ၅။ အခွန်ပြန်ပေးငွေ**

EU RTA များတွင်ရှိသည့် သီးသန့်စည်းမျဉ်းတစ်ခုသည် အကျိုးခံစားရသည့် နိုင်ငံများအား အခွန်ငွေပြန်ပေး ခြင်းကို ပင်ရင်းပင်ရင်းမဟုတ်သည့် သွင်းအားစုများအတွက် ရယူအသုံးပြုခြင်း၊ တစ်ချိန်တည်း၌ ကုန်ချောပစ္စည်းကို EU သို့ တင်ပို့ခြင်းမှ အထူးအခွင့်အရေးခံစားခွင့်ကို ကျင့်သုံးခြင်းအား တားမြစ်ထားသည်။ သို့သော်လည်း EU GSP RoO တွင် ထိုကဲ့သို့သော တားမြစ်ချက်မရှိပါ။ လွတ်လပ်သည့်ဇုန်များ (FZs) သို့မဟုတ် အထူးစီး ပွားရေးဇုံများ (SEZs) များတွင် ပြုပြင်ဆောင်ရွက်ခြင်းသည် ကုန်ပစ္စည်း၏ ပင်ရင်းပင်ရင်းနိုင်ငံကို ဆုံးဖြတ်ခြင်းအပေါ် အနုတ်သဘော သက်ရောက်ခြင်းမရှိသည့်အတွက် ဤသဘောတရားသည် အရေးကြီးသည်။

**၃၊ ၇၊ ၆။ ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းနှင့် ကိရိယာတန်ဆာပလာများ**

အကယ်၍ ပစ္စည်းကိရိယာ အမည်တစ်ခုတွင် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့် ကိရိယာတန်ဆာ ပလာများကို ပုံမှန်အားဖြင့် ထည့်သွင်းထားပါက (ဆိုလိုသည်မှာ- ကားတစ်စီးတွင် အပိုဘီး၊ အွန္တရာယ်ကင်း ရှင်းရေး တြိဂံ၊ သို့မဟုတ် ကိရိယာသေတ္တာ) ၎င်းတို့၏ ပင်ရင်းနိုင်ငံကို ထိုပစ္စည်းကိရိယာ၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတိုင်း အကဲဖြတ်ရမည်။

**၃၊ ၇၊ ၇။ အစုံအတွဲများ၏ ဖွဲ့စည်းမှု**

ပင်ရင်းနှင့် ပင်ရင်းနိုင်ငံမဟုတ်သည့် အစိတ်အပိုင်းများ ပေါင်းစည်းထားသည့် မတူညီသည့် ပစ္စည်းအမယ်များ အစုံအတွဲလိုက် ရှိနေသည့်အခြေအနေတွင် ထိုအစုံအတွဲတွင် ပါဝင်သည့် ပင်ရင်းပင်ရင်းနိုင်ငံမဟုတ်သည့် ကုန်ပစ္စည်းများ၏ တန်ဖိုးသည် ၎င်းအစုံအတွဲ၏ စက်ရုံထုတ်ဈေးနှုန်း၏ ၁၅% သည် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် လိုအပ်သည်။

**၃၊ ၇၊ ၈။ သံသယရှိနေဆဲဖြစ်လျှင် - ချည်နှောင်ထားသည့် ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ သတင်းအချက်အလက်**

အကယ်၍ တစ်စုံတစ်ခုသော ကုန်ပစ္စည်းအတွက် မှန်ကန်သည့် ပင်ရင်းပင်ရင်းနိုင်ငံကို ဆုံးဖြတ်သတ်မှတ်ပေးရန်သံသယရှိနေဆဲဆိုပါက ချည်နှောင်ထားသည့် သတင်းအချက်အလက် (BOI) ဟု ခေါ်သည့် ဆုံးဖြတ်ချက်ကို ချမှတ်ရန် စဉ်းစားသင့်သည်။ BOI ကို ထိုသတင်းအချက်အလက်အား အသုံးပြုမည့် EU အဖွဲ့ဝင်နိုင်ငံ (အနာဂတ်ကာလတွင် ကုန်တင်သွင်းမည့်နိုင်ငံ) ၏ အကောက်ခွန်ဌာနမှ ရယူနိုင်သည်။ ၎င်းသည် သုံးနှစ်တာ သက်တမ်းရှိသည်။ ၎င်းကို EU သို့ တင်သွင်းသူကလည်း ရယူနိုင်သည်။ သို့သော်လည်း ဒုတိယနည်းလမ်းကို အသုံးပြုပါက ကုန်ထုတ်လုပ်မှုဆိုင်ရာ အချက်အလက် သို့မဟုတ် ကုန်ကျစရိတ်တွက်ချက်မှုများကို ဖလှယ်ရမည်ဖြစ်၍ တင်ပို့သူနှင့် တင်သွင်းသူ အကြား ယုံကြည်မှုရရှိထားရန် လိုအပ်သည်။

BOI သည် မှားယွင်းသော သို့မဟုတ် မပြည့်စုံသော သတင်းအချက်အလက်များပေါ်တွင် အခြေခံထား ကြောင်း ထင်ရှားပေါ်ပေါက်ပါက ပျက်ယွင်းမည်ဖြစ်သည်။ ဥပဒေတွင် အပြောင်းအလဲဖြစ်ပေါ်ပါကလည်း BOI သည် တရားမဝင်ဖြစ်မည်ဖြစ်သည်။

BOI ကို ထုတ်ပြန်ပေးရန် တာဝန်ရှိသည့် EU အဖွဲ့ဝင်နိုင်ငံများ၏ အာဏာပိုင်များစာရင်းကို EU ၏ တရားဝင်ဂျာနယ် (OJ C 329, 24.12.2008, p.10) တွင် ထုတ်ပြန်ကြေညာထားသည်။

**၄။ ပင်ရင်းနိုင်ငံဆိုင်ရာ သက်သေပြချက်**

**၄၊ ၁။ လက်ရှိစနစ်အရ EU GSP ရှိ စာရွက်စာတမ်း သက်သေအထောက်အထား (REX ကို အကောင်အထည် ဖော်ပြီးပါက တစ်ဖြည်းဖြည်းဖျက်သိမ်းသွားမည်)**

ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX စနစ်) ပေါ်ပေါက်သည်လာသည်အထိ စီးပွားရေးလုပ်ငန်းများအတွက် အကျုံးဝင်သော ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ အမိကသက်သေအထောက်အထားသည် ပင်ရင်းနိုင်ငံသက်သေခံ

လက်မှတ် (CO) ပုံစံ (A) ဖြစ်သည်။ ဤပုံစံကို ၁၉၇၀ ပြည့်နှစ်တွင် UNCTAD ၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ လုပ်ငန်းအဖွဲ့က GSP ဆိုင်ရာ ရည်ရွယ်ချက်များအတွက် တူညီသည့် CO အဖြစ် လက်ခံအတည်ပြုခဲ့ သည်။ အများအားဖြင့် ပုံစံ (A) ကို ထုတ်ပေးပြီး ကုန်ပစ္စည်းနှင့်အတူ တင်ပို့ပေးရသည်။ ပုံစံ (A) သည် ကမ္ဘာအနှံ့တွင် ကျင့်သုံးနေသည့် GSP များစွာတွင် တစ်ခုတည်းသော သဟဇာတဖြစ်သည့် ပုံစံတစ်ခုအဖြစ် တည်ရှိနေသည်။

ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ သက်သေအထောက်အထား၏ သက်တမ်းသည် ထုတ်ပေးသည့် နေ့ရက်မှ ၁၀ လဖြစ်ပြီး သက်တမ်း မတိုးနိုင်ပါ။ ခြွင်းချက်အနေဖြင့် ၎င်းကို သက်တမ်းကုန်ဆုံးပြီးနောက် အချို့သော သတ်မှတ်ချက် များနှင့်အညီ EU ၏ အကောက်ခွန် တာဝန်ရှိသူများထံသို့ တင်ပြနိုင်သည်။

ကော်မရှင်လုပ်ပိုင်ခွင့်ခွဲဝေပေးမှုဆိုင်ရာစည်းမျဉ်း ၂၀၁၅/၂၄၄၇ ၏ အပိုဒ် ၇၄ (၃) သည် တင်ပို့လိုက်သည့် ကုန်ပစ္စည်းဆိပ်ကမ်းမှထွက်ခွာသွားပြီးနောက် တင်ပို့သည့်ပစ္စည်း အီးယူသို့ ဝင်ရောက်ပြီးသည့်အခါ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် ပုံစံ (A) လျှောက်ထားရန်နှင့် ထုတ်ပေးရန်ကိစ္စကို အထူးအခြေအနေများအရခွင့်ပြုသည်။ အရည်အချင်းပြည့်ဝသည့် အာဏာပိုင်အဖွဲ့သည် ပုံစံ (A) ၏ အကွက် ၄ တွင် "*နောက်ကြောင်းပြန် သက်ရောက်ရန် ထုတ်ပြန်သည်*" ဟူ၍ သဘောထားမှတ်ချက်ကို ထည့်သွင်းနိုင်သည်။ ဤသို့တုံ့ပြန်လုပ် ဆောင်ထုတ်ပြန်ပေးသည့် ရည်ရွယ်ချက်မှာ EU အကောက်ခွန်အတွင်းသို့ ဝင်ရောက်လာပြီးဖြစ်သည့် ကုန်ပစ္စည်းများသည် အထူးအခွင့်အရေးကို ရရှိခံစားနိုင်ခွင့်ရှိသည်ဟူသော ဥရောပအကောက်ခွန်ဥပဒေက ပေးအပ်သည့် အချက်အရဖြစ်သည်။

မူရင်း ပုံစံ (A) သည် ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်း သို့မဟုတ် ပျက်စီးခြင်းနှင့် ကြုံတွေ့ရလျှင် **ပုံစံ (A) မိတ္တူ** ကို ထုတ်ပေးနိုင်သည်။ တင်ပို့သူထံမှ စာဖြင့်ရေးသားလျှောက်ထားလာပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပုံစံ (A) အသစ်ကို ထုတ်ပေးမည်ဖြစ်သည်။ ဤသို့သော ဖြစ်ရပ်တွင် အကွက် (၄) ၌ ပျောက်ဆုံးသွားသည့် မူရင်းပုံစံ (A) ၏ အမှတ်စဉ် ပါဝင်ရမည်ဖြစ်ပြီး "မိတ္တူ" ဟူသော စာသားလည်း ပါဝင်ရမည်။

ပမာဏသေးငယ်သော ကုန်ပို့လွှာများအတွက် ကုန်ပို့လွှာပေါ်၌ ပင်ရင်းထုတ်ကုန်ကြေညာချက်ကို ခွင့်ပြုသည်။ (ယူရို ၆၀၀၀ အောက်တန်ဖိုးရှိ တင်ပို့ကုန်များအတွက်) အရွယ်အစားသေးငယ်သော သီးသန့်အထုတ်များ (ယူရို ၅၀၀ အောက်နည်းသော) နှင့် ခရီးသည်များ၏ ခရီးဆောင်အိတ်များအတွက် (ယူရို ၁၂၀၀ အောက်နည်းသော) သက်သေပြချက်မလိုအပ်ချေ။

| |
|---|
| **မှတ်ရန်။** အချိန်နောက်ကျသော ဦးစားပေးအကောက်ခွန်ကောက်ခံမှုအား တောင်းဆိုရန် စတင်ခြင်းသည် EU သွင်းကုန်တင်သွင်းသူများ သို့မဟုတ် ကုန်သည်များအပေါ် အမှီပြုအားထားရသည်။ မြန်မာပို့ကုန်တင်ပို့သူများ အနေဖြင့် ပုံစံ (A) ကို နောက်ကြောင်းပြန်ထုတ်ပေးဖို့ အလိုအလျှောက် မလျှောက်ထားသင့်ချေ။ သို့သော် ယင်းသို့ ဖြစ်တန်စွမ်းရှိသည့် EU ဖေါက်သည် သို့မဟုတ် အကောက်ခွန် ကိုယ်စားလှယ်အား ထင်ရှားစွာ အကြံပြုနိုင်ပေသည်။ |

**၄၊ ၂။ ၂၀၁၇/၂၀၁၈ မှစ၍ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းအစီအစဉ်များ- ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX) - ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ ဖော်ပြချက်ပုံစံဖြင့် ကိုယ်တိုင်ကိုယ်ကျသက်သေခံလက်မှတ်ထုတ်ပေးခြင်း**

၂၀၁၇ ခုနှစ်မှစတင်ကာ GSP အရ သွင်းကုန်များအတွက် ပင်ရင်းပင်ရင်းထုတ်ကုန်ကြေညာချက်ဆိုင်ရာစနစ်သစ်တစ်ခုဖြစ်သည့် ပို့ကုန်တင်ပို့သူမှတ်ပုံတင်စနစ် (REX) ကို EU မှ စတင်အကောင်အထည်ဖော်လျှက်ရှိရာ ၎င်းအားသက်ဆိုင်ရာ GSP အကျိုးခံစားသည့် နိုင်ငံများတွင် တစ်ဖြည်းဖြည်းကျင့်သုံးသွားမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်သစ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဤနေရာ[၅]တွင် တွေ့ရှိနိုင် သည်။

မြန်မာနိုင်ငံတွင် အဆိုပါစနစ်အကောင်အထည်ဖော်ခြင်းကို ၀၁/၂၀၁၈ တွင် စတင်နိုင်မည်ဟု ယူဆထား သည်။ ထူးထူးခြားခြားဆိုရလျှင် အာရှတိုက်ရှိနိုင်ငံများအနက် အိန္ဒိယ၊ လာအို၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံတို့ သည် ၂၀၁၇ ခုနှစ် အစောပိုင်း ကာလကတည်းက REX စနစ်ကို စတင်အကောင်အထည်ဖော်နှင့်သည့် နိုင်ငံ များဖြစ်ကြသည်။ EU အနေဖြင့် ယင်းကဲ့သို့စနစ်မျိုးကို ၎င်း၏ RTAs များတွင်လည်း တစ်ဖြည်းဖြည်း အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိသည်။ ဥပမာ ယင်းကဲ့သို့စနစ်မျိုးတစ်ခုကို ကြိုတင်တွေးဆပြီး မကြာသေးမီကပင် ကနေဒါနိုင်ငံနှင့် RTA လက်မှတ်ရေးထိုးခဲ့သည်။

REX စနစ်သည် စီးပွားရေးလည်ပတ်ဆောင်ရွက်သူများက ပင်ရင်းပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်ခေါ် အရာများကို ၎င်းတို့ကိုယ်တိုင်ပြုလုပ်ဆောင်ရွက်ရမည့် ကိုယ်တိုင်သက်သေခံလက်မှတ်ထုတ်ပေးသည့်မူ တစ်ခုအပေါ် အခြေခံထားခြင်းဖြစ်သည်။ ပင်ရင်းပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်ကို ရေးသွင်းဆောင်ရွက်ဖို့ အခွင့်ရရှိရန် စီးပွားရေးလည်ပတ်ဆောင်ရွက်သူတစ်ဦးက လျှောက်လွှာပုံစံတစ်ခုတင်ပြပြီးနောက် ၎င်း၏ အရည် အချင်းရှိသော အာဏာပိုင်အဖွဲ့အစည်း (မြန်မာနိုင်ငံတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) က အချက်အလက်အစုအဝေးတစ်ခု၌ မှတ်ပုံတင်ထားရမည်ဖြစ်သည်။ လမ်းညွှန်ချက်များနှင့် လျှောက်လွှာ ပုံစံကို ယခုလက်စွဲစာအုပ်၏ **နောက်ဆက်တွဲ ခ** တွင် တွေ့ရှိနိုင်သည်။ အဆိုပါ စီးပွားရေးလည်ပတ် ဆောင်ရွက်သူသည် "မှတ်ပုံတင်ပြီးပို့ကုန်တင်ပို့သူတစ်ဦး" ဖြစ်လာမည်ဖြစ်သည်။

REX စနစ်ကို အစိုးရအာဏာပိုင်များက ထုတ်ပေးသည့် ပင်ရင်းသက်သေခံလက်မှတ်များအပေါ်နှင့် စီးပွားရေးလည်ပတ်ဆောင်ရွက်သူများက အချို့သော အခြေအနေများအရ ကုန်ကြေညာလွှာပေါ် အခြေခံ သော လက်ရှိပင်ရင်းသက်သေခံလက်မှတ်ထုတ်ပေးသောစနစ်နေရာတွင် တစ်ဖြည်းဖြည်းတိုးတက်ကာ အပြည့်အဝ

---

□

https://ec.europa.eu/taxation_customs/business/calculation-customs-duties/rules-origin/general-aspects-preferential-origin/arrangements-list/generalised-system-preferences/the_register_exporter_system_en

အစားထိုးသွားမည်ဖြစ်သည်။ ၎င်းအချက်သည် GSP အကျိုးခံစားသောနိုင်ငံများအကြား ဒေသဆိုင်ရာ ပေါင်းစပ်တွက်ချက်မှုကို အသုံးချရာ၌ REX စနစ်ကို အသုံးပြုသည်ဟုလည်း ဆိုလိုသည်။

ပင်ရင်းသက်သေခံလက်မှတ်ထုတ်ပေးသော လက်ရှိစနစ်မှ REX စနစ်သို့ ကမ္ဘာလုံးဆိုင်ရာ အကူးအပြောင်း ကာလကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်ကစတင်ကာ နောက်အကျဆုံး သတ္တရာဇ် ၂၀၂၀ ပြည့်နှစ်၊ ဖွန်လ ၃၀ ရက်နေ့ အထိသတ်မှတ်ထားသည်။

၂၀၁၆ ခုနှစ်၊ မေလမှစတင်ကာ Union Customs Code (UCC) ကို အသုံးချရန်ဝင်ရောက်လာသည့်အခါ ကော်မရှင်အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်း (EU) အမှတ် ၂၀၁၅/၂၄၄၇ ("အကောင်အထည် ဖော်ခြင်းအက်ဥပဒေ" အတွက် UCC IA) တွင် REX စနစ်၏ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ခဲ့သည်။

REX စနစ်တွင် ပို့ကုန်တင်ပို့သူများကို အီးလက်ထရောနစ် အချက်အလက်အစုအဝေးတစ်ခု၌ မှတ်ပုံတင်ထားရန်လိုအပ်ပြီး အကျိုးခံစားသောနိုင်ငံရှိ အရည်အချင်းပြည့်ဝသော အာဏာပိုင်များက အဆိုပါ နိုင်ငံတွင် တည်ရှိသည့် တိကျသော မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူများဆိုင်ရာ အချက်အလက်ဘဏ် တစ်ခုကို တည်ထောင်ထားရှိပြီး အချိန်နှင့်အမျှ အမြဲမှန်ကန်နေစေရန် ပြင်ဆင်ပြောင်းလဲပေးရန် လိုအပ် သည်။ အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များက မှတ်ပုံတင်လျှောက်ထားလာသည့် ပို့ကုန်တင်ပို့သူများ အား မှတ်ပုံတင်နံပါတ် သတ်မှတ်ပေးရန်လိုအပ်သည်။ REX နံပါတ်ဆိုသည်မှာ ထုတ်ပေးသည့် နိုင်ငံကိုရည်ညွှန်းသည့် အချက်အပါအဝင် ကိန်းဂဏန်းအက္ခရာ ၃၅ လုံးပါဝင်သည့် ကိန်းစဉ်တစ်ခုဖြစ်သည်။

ဤနည်းလမ်းသည် "အတည်ပြုပို့ကုန်တင်ပို့သူများ" ဟုသတ်မှတ်ထားသူများက ပင်ရင်းသက်သေခံလက်မှတ် တစ်ခုအစား ရိုးရှင်းသော ကုန်ပို့လွှာကြေညာချက်တစ်ခု ထုတ်ပေးနိုင်သည်ဟုပါရှိသည့် ဦးစားပေးကုန်သွယ်ရေး သဘောတူညီချက်ဆိုင်ရာနယ်ပယ်တွင် ကျွမ်းကျင်သည့် EU ကျွမ်းကျင်သူ များကို လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ REX စနစ်တွင် ပို့ကုန်တင်ပို့သူများသည် မှတ်ပုံတင်ပြီးသည်နှင့် တင်ပို့ကုန်များ၏တန်ဖိုးကို ဂရုပြုစရာမလိုပဲ ပင်ရင်းရိုးရှင်းသောပင်ရင်းထုတ်ကုန်ဆိုင်ရာဖော်ပြချက်များကို ထုတ်ယူ နိုင်သည်။ အဆိုပါဖော်ပြချက်နှင့် ပတ်သက်သည့် ပုံစံကို ဤလက်စွဲစာအုပ်၏ **နောက်ဆက်တွဲ ခ** တွင် တွေ့ နိုင်သည်။

အသေးစိတ်အားဖြင့် မှတ်ပုံတင်သည့် အချက်အလက်များကို EU ထံသို့လည်းတင်ပြရန်နှင့် မည်သူမဆို ရှာဖွေကြည့်ရှုနိုင်ရန်လိုပြီး၊ အောက်ပါ အသေးစိတ်အချက်အလက်များပါဝင်ရမည်။

- မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူ နေထိုင်ရာနေရာ၏ အမည်နှင့် လိပ်စာအပြည့်အစုံ။ ၎င်းတွင် နိုင်ငံ သို့မဟုတ် နယ်မြေ၏ အမှတ်သင်္ကေတ (အိုင်အက်စ်အို အယ်လ်ဖာ ၂ နိုင်ငံသင်္ကေတ) ပါဝင်ရမည်။
- မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူအမှတ်

- ဤစနစ်အရ တင်ပို့ရန် ရည်ရွယ်သည့် ကုန်ပစ္စည်းများ (လျှောက်ထားသူက သင့်လျော်သည်ဟု ယူဆသည့် သဟဇာတဖြစ်သည့်စနစ်၏ အခန်းများ သို့မဟုတ် ခေါင်းစဉ်များကို ရည်ညွှန်းသည့် စာရင်း)
- ပို့ကုန်တင်ပို့သူ မှတ်ပုံတင်ထားသည့် သက်တမ်းကာလ
- ရုတ်သိမ်းရသည့်အကြောင်းပြချက် (မှတ်ပုံတင်ထားသည့် တင်ပို့သူ၏ မေတ္တာရပ်ခံချက်/ အရည်အချင်း ပြည့်ဝသည့် အာဏာပိုင်များက ရုတ်သိမ်းခြင်း)။ ဤအချက်အလက်များကို အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များကသာ ရရှိအသုံးပြုနိုင်သည်။

အီးယူရှိ သွင်းကုန်တင်သွင်းသည့် ကုမ္ပဏီများသည်လည်း အကယ်၍ ၎င်းတို့အနေဖြင့် ပေါင်းစပ်တွက်ချက်မှု ရည်ရွယ်ချက်များအတွက် အသုံးပြုသည့် သွင်းအားစုများကို တင်ပို့ခြင်း သို့မဟုတ် GSP အရ သွင်းကုန်များ သည် ဆွစ်ဇာလန် သို့မဟုတ် နော်ဝေ သို့ ပြန်လည်တင်ပို့ခြင်းဖြစ်ပါက REX အတွက် မှတ်ပုံတင်ရန် လိုအပ် သည်။ ယင်းကဲ့သို့ ဝင်ရောက်လာသည့် ဂျာမနီအခြေစိုက် ကုမ္ပဏီတစ်ခု၏ ဥပမာတစ်ခုကို ဤနေရာ[၆]တွင် တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံအခြေစိုက်ကုမ္ပဏီများဝင်ရောက်လာခြင်းသည်လည်း အလားတူပုံစံမျိုးဖြစ်မည် ဖြစ်သည်။

အီးယူသည် အကျိုးခံစားရသည့် နိုင်ငံများတွင် ဤစနစ်ကို စတင်အကောင်အထည်ဖေါ်ရမည့်ရက်အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်ကို သတ်မှတ်ထားသည်။ အကျိုးခံစားရသည့် နိုင်ငံများသည် အီးယူကော်မရှင် အား ဤစနစ်အကောင်အထည်မဖေါ်မီ ၃ လ ကြိုတင်၍ အကြောင်းကြားရမည် (အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များကိုလည်း ဖော်ပြရန်လိုအပ်သည်)။

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁ ရက်မှ စတင်၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁ ရက် နောက်ဆုံးထားပြီး ကော်မရှင်သည် အကျိုးခံစားရသည့် နိုင်ငံများက တင်ပို့သူများအား မှတ်ပုံတင်သည့်စနစ် ကျင့်သုံးရန် ပြင်ဆင်ထားမှု အခြေအနေကို စစ်ဆေးမည်ဖြစ်သည်။ ကော်မရှင်သည် လိုအပ်သည့် ကိုက်ညီမှုများကို အဆိုပြုပေးမည် ဖြစ်သည်။ ဤစနစ်ကို ၂၀၁၇ ခုနှစ်တွင် အကောင်အထည်ဖော်နိုင်မည်မဟုတ်သည့် အကျိုးခံစားရသည့် နိုင်ငံများသည် အီးယူကော်မရှင်အား ၂၀၁၆ ခုနှစ်၊ ဇူလိုင် နောက်ဆုံးထား၍ အသိပေးအကြောင်းကြားရ မည်ဖြစ်ပြီး နောက်ဆုံးသတ်မှတ်ရက်ကို တိုးပေးရန် မေတ္တာရပ်ခံနိုင်သည်။ အီးယူ၏ စည်းမျဉ်းစည်းကမ်းက ရက်တိုးပေးမှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်ထိ ခွင့်ပြုထားသည်။

တစ်ဖက်တွင် ဤစနစ်သည် အကောင်အထည်ဖော်ရသည့် အာဏာပိုင်များအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဝန် ထုတ်ဝန်ပိုးဖြစ်လာမည်ဖြစ်ပြီး အခြားတစ်ဖက်တွင်မူ မှတ်ပုံတင်ပြီးသည့် တင်ပို့သူများအတွက် လွယ်ကူချော မွေ့မှုရှိလာမည်ဖြစ်သည်။အရေးကြီးသည်မှာ ဤစနစ်ကျင့်သုံးလိုက်သည့်အတွက် သက်ဆိုင်ရာတင်ပို့သောနိုင်ငံမှ အာဏာပိုင်များအနေဖြင့် ပင်ရင်းသက်သေခံလက်မှတ်များကို ထုတ်ပေးခြင်းမှသက်သာစေမည်ဖြစ် သည်။ သို့သော်

---

[၆] ရှု http://ec.europa.eu/taxation_customs/dds2/eos/rex_validation.jsp?Type=REX&Number=DEREX87500002&Lang=en&Expand=true

အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးရမည့်ကိစ္စရပ်နှင့်ပတ်သက်၍ အထောက်အကူပေးရန် အီးယူအာဏာပိုင်များမှ ပန်ကြားတောင်းဆိုခြင်းမျိုးရှိလာနိုင်သည်။ ဥပမာ- မြန်မာပို့ကုန်တင်ပို့သူတစ်ဦးက ပြုလုပ်ထားသည့် ပင်ရင်းဒေသဖော်ပြချက်တစ်ခု၏ တိကျမှုအပေါ် အီးယူအာဏာပိုင်များက သံသယရှိသည့်အခါမျိုးဖြစ်သည်။ အရည်အချင်းပြည့်ဝသောအာဏာပိုင်များသည် ထုတ်ကုန်များ၏ ပင်ရင်းပင်ရင်းအခြေအနေကို သက်သေပြနိုင်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်စတင်ကာ ပို့ကုန်တင်ပို့သူများကို ပုံမှန်ထိန်းချုပ်ခြင်းမျိုးလည်း ဆောင်ရွက်နိုင်သည်။

အကောင်အထည်ဖေါ်သည်ဖြစ်စေ မဖေါ်သည်ဖြစ်စေ REX စနစ်သည် ကုန်ပို့လွှာများ သို့မဟုတ် အခြားသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရွက်စာတမ်းများပေါ်တွင် ပင်ရင်းထုတ်ကုန်ဆိုင်ရာအချက် အလက်များကို ထုတ်ဖေါ်ကြေညာသည့် ယခင်နည်းလမ်းဟောင်းနေရာ၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ အစားထိုးဆောင်ရွက်သွားမည်ဖြစ်သည်။ သို့သော် မှတ်ပုံတင်ထားခြင်းမရှိသေးပါက ယခင်က ကုန်ပို့လွှာကြေညာချက်တွင်ရှိခဲ့သည့်အတိုင်း ပင်ရင်းထုတ်ကုန်ဖော်ပြချက်တွင် တူညီသည့်ကုန်တန်ဖိုး ကန့် သတ်ချက်ရှိမည်ဖြစ်သည်။ (ဆိုလိုသည်မှာ စီးပွားဖြစ်တင်ပို့ကုန်များအတွက် ယူရိုငွေ ၆၀၀၀)

### ၄၊ ၃။ ဥရောပရှိ GSP RoO အရ ပူးပေါင်းဆောင်ရွက်ခြင်း

ဥရောပသမဂ္ဂ၊ ဆွတ်ဇာလန်၊ နော်ဝေနှင့် နောက်ပိုင်းတွင် တူရကီနိုင်ငံတို့သည် အောက်ပါတို့ကို သဘောတူထားသည်-

- သက်ဆိုင်ရာ GSPs အတွက် တူညီသော ပင်ရင်းနိုင်ငံစည်းမျဉ်းများကို အသုံးချရန်နှင့်
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကောက်ခွန်ဌာနတစ်ခုစီက သတ်မှတ်ထားသည့် ပင်ရင်းသက်သေများကို အသိအမှတ်ပြုရန် (ပုံစံ A အား အစားထိုးခြင်းဟုခေါ်ဆိုနိုင်သည်)

အကျိုးဆက်အနေဖြင့် မြန်မာပို့ကုန်တင်ပို့သူများသည် အောက်ပါတိုးတက်မှုများမှ အကျိုးကျေးဇူး ရရှိနိုင်သည်-

- အီးယူတွင် ပင်ရင်းအခြေအနေအားအသိအမှတ်ပြုခြင်းသည် နော်ဝေ၊ ဆွတ်ဇာလန်နှင့် တူရကီနိုင်ငံတို့၌ လည်းတရားဝင်တည်မြဲသည်
- ယခင်ကဖော်ပြခဲ့သည့်အတိုင်း အီးယူ၊ နော်ဝေ၊ ဆွတ်ဇာလန်နှင့် တူရကီနိုင်ငံတို့မှ ပစ္စည်းများဖြင့် တိုးတက် ကောင်းမွန်သော ပေါင်းစပ်တွက်ချက်မှုများပြုနိုင်ဖွယ်ရှိလာစေသည်။
- GSP အကျိုးခံစားသောထုတ်ကုန်များကို ဥရောပတိုက်တစ်ခွင် ပိုမိုလွယ်ကူစွာကူးပြောင်း ဝင်ရောက်နိုင်စေသည် (ထုတ်ကုန်များသည် အကောက်ခွန်များ၏ထိန်းချုပ်မှုအောက်တွင်ရှိ နေသမျှကာလပတ်လုံး) ဥပမာအားဖြင့် တင်ပို့ကုန်များကို ခွဲခြမ်းစိတ်ဖြာခြင်းသည် နော်ဝေ၊ ဂျာမနီနှင့် ဆွတ်စ်ဇာလန်နိုင်ငံတို့ရှိ ဖေါက်သည်များအတွက် ဖြစ်နိုင်သည်။

ဤနိုင်ငံသုံးခုသည်လည်း REX စနစ်ကို အကောင်အထည်ဖေါ်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့သူများ အနေဖြင့် မှတ်ပုံတင်ခြင်းအားဖြင့် အဆိုပါဈေးကွက်များတွင် ပင်ရင်းအခြေအနေကို သက်သေပြနိုင်ကာ ယင်းနောက် ပင်ရင်းထုတ်ကုန်ကြေညာချက်များကို ပြုလုပ်နိုင်သည့် အဓိပ္ပါယ်ကိုဆိုလိုသည်။ အလားတူ မြန်မာနိုင်ငံသို့တင်ပို့သည့်

သွင်းအားစုများကို အဆိုပါဈေးကွက်သုံးခုသို့ တင်ပို့သူများ အနေဖြင့်လည်း အဆိုပါသွင်းအားစုများကို နောက်ဆုံးသုံးထုတ်ကုန်များအဖြစ်တည်ဆောက်ပြီး ဥရောပသို့ ပြန်လည်တင်ပို့မည်(နှစ်နိုင်ငံ သို့မဟုတ် diagonal ပေါင်းစုခြင်း) ဆိုပါက REX စနစ်ကို အသုံးပြုပြီး ပင်ရင်းထုတ်ကုန်အခြေအနေကို ထုတ်ဖော်ကြေညာနိုင်သည်။ နော်ဝေနှင့် ဆွတ်စ်ဇာလန်တို့၏ REX နှင့်ပတ်သက်သည့် နောက်ထပ်သတင်းအချက်အလက်များကို အွန်လိုင်း[၇]တွင် ရရှိနိုင်သည်။

နော်ဝေ၊ ဆွတ်စ်ဇာလန်နှင့် တူရကီနိုင်ငံတို့သည် ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် တူညီသော အထူးအကောက်ခွန်နှုန်းထားများ ကျင့်သုံးသွားရန် မလိုအပ်ဟူသည့်အချက်ကို မှတ်သားထားရမည်။ သို့သော် လက်ရှိတွင် အဆိုပါဈေးကွက်သုံးခုသည် LDCs များအတွက် ကုန်စည်[၈]အားလုံးမဟုတ်လျှင်တောင် ကုန်စည်အများစုကို အကောက်ခွန်လွတ်ဝင်ရောက်ခွင့်ပြုထားသည်။

**၅။ GSP အကျိုးခံစားသည့်နိုင်ငံများနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများ**

၂၀၁၄ ခုနှစ်တွင် GSP အကျိုးခံစားသည့်နိုင်ငံအရေအတွက်မှာ ၁၇၆ နိုင်ငံမှ ၉၂ နိုင်ငံသို့ ကျဆင်းသွားခဲ့ပြီး အချို့နိုင်ငံများမှာ ဖွံ့ဖြိုးမှုနိမ့်ကျသည့်အခြေအနေမှ လွန်မြောက်လာခဲ့သည့်အတွက် အဆိုပါအရေအတွက် သည် မကြာသေးမီနှစ်များအတွင်း ထပ်မံကျဆင်းနေမည်ဖြစ်သည်။ လက်ရှိ GSP သည် ၎င်းတို့ကို အလိုအပ်ဆုံးဖြစ်သည့် နိုင်ငံများအတွက် သီးသန့်အခွင့်အရေးများပေးဖို့ အဓိကထားပါသည်။ အကျိုးခံစားခွင့်ဆက်လက်မရရှိသည့် နိုင်ငံများမှာ အီးယူဈေးကွက်သို့ ဝင်ရောက်နိုင်ရန် အခြားသောအထူးအခွင့်အရေး ပေးသည့်စနစ်များအောက်ပါဝင် သည့်နိုင်ငံများ သို့မဟုတ် ကမ္ဘာ့ဘဏ်က သတ်မှတ်ထားသည့် ဝင်ငွေမြင့် သို့မဟုတ် ဝင်ငွေအလယ်အလတ် အထက်ရှိသည့် နိုင်ငံများဖြစ်ကြသည်။

အစီအစဉ်အား နောက်ဆုံးပြုပြင်ပြောင်းလဲလိုက်သည့်အချိန်မှစတင်၍ နိုင်ငံအများအပြား အစီအစဉ်မှ ထွက်ခဲ့ကာ အကျိုးခံစားသည့်နိုင်ငံများအဖြစ် ဆက်လက်ရှိမနေတော့သော်လည်း အဆိုပါနိုင်ငံများသည် အရည်အချင်း ပြည့်မှီဆဲဖြစ်သည်။ အဓိပ္ပါယ်မှာ အဆိုပါနိုင်ငံများ၏ ဝင်ငွေအခြေအနေပျက်စီးယိုယွင်းခြင်း သို့မဟုတ် ဦးစားပေးဈေးကွက်အစီအစဉ်များ ရုတ်သိမ်းခံရခြင်းတို့ဖြစ်ပေါ်လာလျှင် အကျိုးခံစားခွင့်ရှိသည့် နိုင်ငံစာရင်းသို့ တစ်ဖန် ပြန်လည်ဝင်ရောက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

---

[၇]ရှု https://www.ezv.admin.ch/ezv/en/home/information-companies/exemptions--reliefs--preferential-tariffs-and-export-contributio/exportation-from-switzerland/free-trade--preferential-origin/REX.html for Switzerland and http://www.toll.no/en/corporate/import/free-trade/gsp---generalized-system-of-preference/the-registered-exporter-system-the-rex-system-/ for Norway.

[၈]WTO၏ GSP အစီအစဉ်ဆိုင်ရာအချက်အလက်အစုအဝေးကို အောက်ပါလိပ်စာတွင်ကြည့်ရှုရန် http://ptadb.wto.org/ptaTradeInfo.aspx

နိုင်ငံများသည် အကယ်၍ သုံးနှစ်ဆက်တိုက် ကမ္ဘာ့ဘဏ်**(ရှိနေသည့်နိုင်ငံ)**ကသတ်မှတ်ထားသည့် ဝင်ငွေအလယ် အလတ် အထက်အဆင့် သို့မဟုတ် ဝင်ငွေမြင့်သောနိုင်ငံအဆင့်သို့ရောက်ရှိခဲ့သည်ဆိုပါက ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံဘဝမှ လွတ်မြောက်နိုင်သည်။ အဆိုပါအခြေအနေကို နှစ်စဉ်လေ့လာသုံးသပ်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အခြားသော အီးယူဈေးကွက်သို့ ဦးစားပေးဝင်ရောက်ခွင့်ရရှိထားနှင့်ပြီးဖြစ်သည့် နိုင်ငံများသည် GSP ကို ဆက်လက်လျှောက်ထားနိုင်ခွင့်မရှိချေ။ သို့သော် EBA မှ အောင်မြင်မှုရရှိသွားခြင်းကို တိုင်းပြည်တစ်ခုသည် LDC အခြေအနေမှ အောင်မြင်မှုရရှိသွားလျှင်သာ တွေ့ရှိနိုင်သည်။ အချို့သော LDCs များသည် ဝင်ငွေအလယ်အလတ်အောက်နိမ့်သော သို့မဟုတ် ဝင်ငွေအလယ်အလတ်အထက် အဆင့်ရှိနိုင်ငံများပင်ဖြစ် ကြသော်လည်း UN မှ LDCs များအဖြစ် သတ်မှတ်ထားသမျှကာလပတ်လုံး EBA အတွက် အရည်အချင်း ပြည့်မီမှုရှိနေဆဲဖြစ်သည်ကို မှတ်သားရမည်ဖြစ်သည်။ (ဥပမာ-အင်ဂိုလာ သို့မဟုတ် တုဗာလုနိုင်ငံ)

ထုတ်ကုန်နှင့်နိုင်ငံနှစ်မျိုးစလုံး အောင်မြင်မှုရရှိခြင်းဆိုသည်မှာ မြန်မာနိုင်ငံနှင့် ပြိုင်ဖက်နိုင်ငံအနည်းငယ်က သာ GSP ခံစားခွင့်ရှိသည်ကို ဆိုလိုသည်။ ဥပမာ ထိုင်းနိုင်ငံသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ စတင်ကာ GSP အကျိုးခံစားခွင့်ရှိသည့် နိုင်ငံတစ်ခုမဟုတ်တော့ချေ။ အထည်အလိပ်၊ အသားငါးပြင်ဆင် ထုတ်ကုန်များနှင့် ပြုပြင်ထားသောစားသောက်ကုန်များကဲ့သို့ ထုတ်ကုန်များအတွက် ထိုင်းထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်ကုန်များ ကို အီးယူသို့တင်သွင်းမည်ဆိုပါက အဖွဲ့ဝင်နိုင်ငံအချင်းချင်းတန်းတူအခွင့်အရေးပေးစနစ် (MFN) နှုန်း အပြည့်အဝနှင့် ရင်ဆိုင်ရမည့် အခိပ္ပါယ်ဖြစ်သည်။

မြန်မာနိုင်ငံသည် လာမည့်နှစ်များအတွင်း LDC အခြေအနေမှ အောင်မြင်လွတ်မြောက်နိုင်ဖွယ်ရှိသည်။ မြန်မာနိုင်ငံ သည် အောင်မြင်နိုင်မည့် စံသတ်မှတ်ချက်သုံးချက်အနက်နှစ်ခု[၉]ကို ပြည့်မီထားပြီးဖြစ်ကာ သတင်းများအရ အောင်မြင်လွတ်မြောက်နိုင်မှုသည် ၂၀၂၀ ပြည့်နှစ်များအရောက်တွင် ဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူဆရသည်။ ယင်းသို့ အောင်မြင်ပြီးနောက် မြန်မာနိုင်ငံသည် အကူးအပြောင်းကာလသုံးနှစ်တာအတွက် EBA အကျိုးခံစားခွင့်ရှိနေဦး မည်ဖြစ်သည်။ ယင်းကာလလွန်မြောက်ပါက မြန်မာနိုင်ငံသည် အထည်အလိပ်ကဏ္ဍအပါအဝင် LDCs များအတွက် ပေးအပ်သည့် EBA အစီအစဉ်ထက် သိသိသာသာ အခွင့်အရေးရရှိမှုနည်းပါးသော ပုံမှန် GSP အခွင့်အရေးကို ရရှိဖွယ်ရှိသည်။ သို့သော် မြန်မာနိုင်ငံသည် အဂတ်အထည်ကဏ္ဍအပါအဝင် ပို့ကုန်အများစုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပေးအပ်ထားသည့် GSP+ အစီအစဉ်သို့ ဝင်ရောက်ရန် လျှောက်ထားနိုင်သည်။ သို့သော် EBA နှင့်နှိုင်းယှဉ်လျှင် ပင်ရင်းဒေသ စည်းမျဉ်းများသည် လက်ရှိတွင် GSP နှင့် GSP+ အစီအစဉ်များတွင် ပိုမိုတင်းကြပ်မှုရှိပါသည်။ EBA မှ အောင်မြင်မှုရရှိခြင်းသည် ၂၀၂၃ ခုနှစ်အကုန်တွင် လက်ရှိ GSP စနစ်ကုန်ဆုံးသွားပြီးနောက်မှသာလျှင် အကျိုးသက်ရောက်မှုရှိလာရန် သေချာသလောက်ဖြစ်သည်။ GSP+ ကဲ့သို့

---

[၉] ရှု https://www.un.org/development/desa/dpad/least-developed-country-category-myanmar.html.

အခြားသောစနစ်များသည် ယနေ့ကျင့်သုံးလျက်ရှိသည့် စနစ်များနှင့် ကွာခြားဖွယ်ရှိသည်ဟု ဆိုလိုသည်။ မြန်မာနိုင်ငံအတွက် အခြား အခွင့်အရေးတစ်ခုမှာ အီးယူနှင့် RTA လက်မှတ်ရေးထိုးခြင်းပင်ဖြစ်သည်။

အီးယူအနေဖြင့် သတ္တရာဇ် ၂၀၂၃ ခုနှစ်အကုန်အထိ တရားဝင်သတ်မှတ်ထားသော လက်ရှိအစီအစဉ် ကုန်ဆုံးသွားပြီးနောက် GSP စနစ်ကို နောက်ထပ်အပြောင်းအလဲများ ကျင့်သုံးလုပ်ဆောင်သွားဖွယ်ရှိသည်။ သို့သော် EBA စနစ်တွင်မူ ကြီးကြီးမားမားအပြောင်းအလဲရှိမည်မဟုတ်ဟု ယူဆရနိုင်သည်။ ဖြစ်နိုင်သည့် ပြောင်းလဲမှုများသည် GSP နှင့် GSP+ တို့၏ ထုတ်ကုန်လွှမ်းခြုံမှု၊ ပင်ရင်းဒေသစည်းမျဉ်း၊ GSP+ သို့ဝင်ရောက်နိုင်မည့် သို့မဟုတ် ဆက်လက်ရှိနေမည့် အခြေအနေများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည်။ သို့သော် ၂၀၁၇ ခုနှစ်-နှစ်လယ်ပိုင်းအထိ ယင်းကဲ့သို့အပြောင်းအလဲမျိုးပြုလုပ်သွားမည့် ညွှန်ပြချက်မျိုးမရှိသေးပေ။

နောက်ဆက်တွဲ (က)

**EU GSP/ RoO နှင့်ပတ်သက်၍ နောက်ထပ်သိရှိလိုသည့် သတင်းအချက်အလက်များအတွက်ရင်းမြစ်များ**

**DG TRADE's ၏ ပို့ကုန်ဆိုင်ရာအကူအညီပေးရေးဌာန**

http://exporthelp.europa.eu/thdapp/index.htm




ဤဝက်ဘ်ဆိုက်တွင် EU GSP အစီအစဉ်၊ အီးယူ၏ ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ ပင်ရင်းထုတ်ကုန်သက်သေပြချက်နှင့် GSP အကောက်ခွန်နှုန်းထားများနှင့် ပတ်သက်သည့် သတင်းအချက်အလက်အားလုံးကို ဖော်ပြထား သည်။ ဝက်ဘ်ဆိုက်တွင် GSP ဆိုင်ရာ သတင်းအချက်အလက်သာမက အီးယူ၏ သွင်းကုန်ဆိုင်ရာ လိုအပ်ချက်များ၊ အကောက်ခွန်နှုန်းထားများ၊ ကိန်းဂဏန်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်း အချက်အလက်များကိုလည်း ဖော်ပြထားသည်။

အီးယူ၏ ပင်ရင်းနိုင်ငံ စည်းမျဉ်းများကို ပိုမိုကောင်းမွန်စွာ ရှင်းလင်းပြနိုင်ရန် DG TRADE သည် ကုန်ပစ္စည်းတစ်ခုချင်း သို့မဟုတ် ကုန်သွယ်မှုသဘောတူညီချက် တစ်ခုချင်းအတွက် အချက်အလက်စာလွှာ များကိုလည်း ထုတ်ပြန်ထား သည်။ ရေထွက်ကုန်ပစ္စည်းများအတွက် EU RoO ကို ရှင်းလင်းပြထားသည့် အချက်အလက်စာလွှာနမူနာများကို အောက်ပါလိပ်စာတွင် ရယူနိုင်သည်။

http://trade.ec.europa.eu/doclib/docs/2013/may/tradoc_151173.pdf

**အခွန်ကောက်ခံခြင်းနှင့် အကောက်ခွန်သမဂ္ဂဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး (DG TAXUD, European Commission) (on RoO) ဝက်ဘ်ဆိုက်၏ အဖွင့်စာမျက်နှာတွင်ဖော်ပြထားသော သတင်းအချက်အလက် များ**

http://ec.europa.eu/taxation_customs/business/calculation-customs-duties/rules-origin/general-aspects-preferential-origin/a-guide-users-gsp-rules-origin_en


Legal notice | Cookies | Contact | Search

English (en)

European Commission

TAXATION AND CUSTOMS UNION

European Commission > Taxation and Customs Union > Business > Calculation of customs duties > Rules of Origin > General aspects of preferential origin > A Guide for users on GSP rules of origin

HOME INDIVIDUALS BUSINESS ONLINE SERVICES ABOUT

Share this page

# A Guide for users on GSP rules of origin

The Commission has prepared a guide on how to interpret and implement the rules of origin that determine whether or not goods produced in the beneficiary countries are eligible for preferential tariff treatment under the EU's Scheme of General System of Preferences (GSP) for developing countries.

- Contents, text of the brochure, with Appendix I - List of beneficiary countries
- Appendix II - The legal texts
- Appendix III
  - The list of qualifying operations and the introductory notes (Annex 22-03 DA)
  - The list of materials excluded from regional cumulation (Annex 22-04 DA)
  - The list of workings excluded from GSP regional cumulation (Annex 22-05 DA)
- Appendix IV - Documents related to proof of origin:
  - Application to become a registered exporter (Annex 22-06 IA)
  - Statement of origin (Annex 22-07 IA)
  - Certificate of origin Form A (Annex 22-08 IA)
  - Invoice declaration (Annex 22-09 IA)
  - Movement certificate EUR 1 (Annex 22-10 IA)

ကုန်သွယ်ရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ဥရောပကော်မရှင် ဝက်ဘ်ဆိုက်၏ အဖွင့်စာမျက်နှာတွင် (EU GSP အစီအစဉ်နှင့် ပတ်သက်၍) ဖော်ပြထားသည့် သတင်းအချက်အလက်

http://ec.europa.eu/trade/policy/countries-and-regions/development/generalised-scheme-of-preferences/index_en.htm




အမျိုးအစားသတ်မှတ်ခြင်းအတွက် ရည်ရွယ်ချက်များနှင့် ကုန်ပစ္စည်းများအတွက် အကျုံးဝင်သည့် အခွန်ဆိုင်ရာအထူးအခွင့်အရေးများအား စစ်ဆေးခြင်းကို အောက်ပါဝက်ဘ်ဆိုက်လိပ်စာတွင် ရရှိနိုင်သည်။

အွန်လိုင်းဖြင့် TARIC ကို တိုင်ပင်ဆွေးနွေးခြင်း

http://ec.europa.eu/taxation_customs/dds2/taric/taric_consultation.jsp?Lang=en




## နောက်ဆက်တွဲ (ခ)

### မှတ်ပုံတင်ပြီး ပို့ကုန်တင်ပို့သူတစ်ဦးဖြစ်လာရန် လျှောက်ထားခြင်း

လျှောက်လွှာပုံစံကို GSP အကျိုးခံစားခွင့်ရှိသည့်နိုင်ငံများရှိ ပို့ကုန်တင်ပို့သူများအတွက် **ကြိုတင်လျှောက်ထားရမည့်ဂက်ဘ်စာမျက်နှာ**ပေါ်တွင် အွန်လိုင်းဖြည့်သွင်းနိုင်သည်။

https://customs.ec.europa.eu/rex-pa-ui/

စာရွက်စာတမ်းကို မှတ်သား၊ ပုံနှိပ်ထုတ်ယူကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

**လျှောက်လွှာပုံစံဖြည့်သွင်းနည်းလမ်းညွှန် -**

| | |
|---|---|
| ၁။ | တင်ပို့သူ၏အမည်၊ လိပ်စာအပြည့်အစုံ၊ နိုင်ငံ၊ EORI သို့မဟုတ် (TIN (2)<br>**ပို့ကုန်တင်ပို့သူအမည်၊ အိမ်အမှတ်၊ လမ်းအမည်၊ စာတိုက်သေတ္တာအမှတ်၊ မြို့တော်အမည်နှင့်ကုန်သွယ်သူစိစစ်ရေးသက်သေခံနံပါတ်(TIN) (TIN ကို MoC ) မသတ်မှတ်ပေးပါမည်။သသတ်မှဦးစွာပထမလက်မှတ်ထိုးထားရန်လိုအပ်သည်။** |
| ၂။ | တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် ဖြစ်နိုင်လျှင် အီးမေးလ်လိပ်စာအပါအဝင် ဆက်သွယ်ရမည့် အချက်အလက်<br>**တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ်နှင့် (ဖြစ်နိုင်လျှင်) အီးမေးလ်လိပ်စာတို့အပါအဝင် ဆက်သွယ်ရ မည့်သူ၏ ပုဂ္ဂိုလ်ဆိုင်ရာသတင်းအချက်အလက်များ** |
| ၃။ | အဓိကလုပ်ငန်းက ထုတ်လုပ်ရေး သို့မဟုတ် ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုသည်ကို ဖော်ပြရန်<br>**အချက်တစ်ခုသို့မဟုတ် နှစ်ခုစလုံးဖြစ်နိုင်သည်။** |

၄။ Harmonised စနစ်၏ ထိပ်ဆုံးနံပါတ်များ(သို့မဟုတ် Harmonised စနစ်၏ ထိပ်ဆုံးနံပါတ်နှစ်ဆယ်ကျော်အတွင်းကျရောက် သည့် ကုန်စည်များရှိရာအခန်းများ) ၏ ညွှန်ပြသောစာရင်းအပါအဝင် အထူးအကောက်ခွန် ကင်းလွတ်ခွင့်အတွက် အရည်အချင်း ပြည့်မီသည့် ကုန်စည်များ၏ ဖော်ပြချက်

**ရှေ့ဆုံး HS နံပါတ်များ ရိုက်သွင်းပါ။ ဥပမာ- ၆၂၀၁ (အမျိုးသားသို့မဟုတ် ကလေးဝတ်အပေါ်ရုံကုတ်အင်္ကျီ၊ တင်ပါးအထိဖုံးသော ကုတ်အင်္ကျီရှည်များ (....)) ဖော်ပြထားသောစာရင်းဖြစ်သည်။ အကယ်၍ အဆိုပါစာရင်းတွင် မပါဝင်သည့် ထုတ်ကုန်တစ်ခုအတွက် ပင်ရင်းဒေသဆိုင်ရာဖောပြချက်တစ်ခုအား ဖြည့်သွင်းဆောင်ရွက်ထားမည်ဆိုပါက ထိုအရာသည် ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်အား ငြင်းပယ်နိုင်သည့် အကြောင်းပြချက်မဟုတ်ပေ။ သို့သော် အကောက်ခွန် တာဝန်ရှိသူများအတွက်မူ ထိုအရာအား အတည်ပြုမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ စတင်ရန် အကြောင်းပြချက်တစ်ရပ်ဖြစ် ကောင်းဖြစ်နိုင်သည်။**

၅။ ပို့ကုန်တင်ပို့သူတစ်ဦးတာဝန်ယူရမည့်အချက်များ

အတည်ပြုလက်မှတ်ရေးထိုးလိုက်သည့်အတွက်-

- အထက်ဖော်ပြပါအသေးစိတ်အချက်အလက်များသည်မှန်ကန်ကြောင်းကြေညာပါသည်။
- ယခင်ကမှတ်ပုံတင်ခြင်းအားရုပ်သိမ်းပယ်ဖျက်ခဲ့ခြင်းမရှိဟု သက်သေပြုပါသည်။ အပြန်အလှန်အားဖြင့် ယင်းကဲ့သို့ ရုပ်သိမ်းပယ်ဖျက်သည်အထိဖြစ်စေသည့် အခြေအနေကို ပြင်ဆင်ကုစားပြီးကြောင်း သက်သေပြုပါသည်။
- အထူးအကောက်ခွန်ကင်းလွတ်ခွင့်အတွက် အရည်အချင်းပြည့်မီသောကုန်စည်များအတွက်သာ ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များကို ဖြည့်သွင်းဆောင်ရွက်မည်ဖြစ်ပြီး အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်တွင်ပါဝင်သော ကုန်စည်များအတွက် သီးသန့်ဖော်ပြထားသည့် ပင်ရင်းဒေသစည်းမျဉ်းများနှင့်ကိုက်ညီမှုရှိပါသည်ဟု တာဝန်ယူပါသည်။
- အထူးအကောက်ခွန်ကင်းလွတ်ခွင့်ရသော ကုန်စည်များအား ထုတ်လုပ်/ရောင်းချခြင်းအတွက် သင့်လျော်သော ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာရင်းဇယားမှတ်တမ်းမှတ်ရာများကို ထိမ်းသိမ်းရန်နှင့် ၎င်းတို့အား ပင်ရင်းဒေသဖော်ပြချက်အား ဖြည့်စွက်ဆောင်ရွက်ခဲ့သော ပြက္ခဒိန်နှစ်၏အဆုံးမှစ၍ အနည်းဆုံး ၃ နှစ်အထိ ထိန်းသိမ်းထားရန်တာဝန်ယူပါသည်။
- ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်ရရှိသည့်အခါ ၎င်း၏မှတ်ပုံတင်ခြင်းဆိုင်ရာအချက်အလက်များ တွင် အပြောင်းအလဲတစ်ခုခုရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ ချက်ချင်းအသိပေး ပါမည်ဟု တာဝန်ယူပါသည်။
- သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ပါမည်ဟု တာဝန်ယူပါသည်။
- ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်များတိကျမှန်ကန်မှုအပေါ် မည်သည့်စစ်ဆေးမှုမဆိုပြုလုပ်ခြင်းကို လက်ခံရန် တာဝန်ယူပါသည်။ စာရင်းဇယားမှတ်တမ်းများကို အတည်ပြုစစ်ဆေးခြင်း၊ စက်ရုံနေရာများသို့ ဥရောပကော်မရှင် သို့မဟုတ် အဖွဲ့ဝင်နိုင်ငံများမှ အာဏာပိုင်အဖွဲ့အစည်းများ လာရောက်စစ်ဆေးခြင်းနှင့် နော်ဝေ၊ ဆွစ်ဇာလန်နှင့်တူရကီနိုင်ငံတို့မှ အာဏာပိုင်အဖွဲ့အစည်းများလာရောက်စစ်ဆေးခြင်းကို လက်ခံရန်တာဝန်ယူရမည်။ (အခွင့်အရေးခံစားခွင့်ရှိသည့်နိုင်ငံများရှိ ပို့ကုန်တင်ပို့သူများနှင့်သာသက်ဆိုင်သည်။)
- အထူးအကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်နှင့်အကျုံးဝင်သော မည်သည့်ကုန်စည်ကိုမဆို တင်ပို့ခြင်းအတွက် အခြေအနေများနှင့် ဆက်လက်ကိုက်ညီခြင်းမရှိတော့ပါက စနစ်အတွင်းမှ ၎င်းအားဖယ်ရှားရန် တောင်းဆိုဖို့ တာဝန်ယူရမည်။

**လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်တင်ပို့သူသည် အထက်ဖော်ပြပါအချက်များအားလုံးကို သဘောတူညီရာရောက်သည်။ (မဖြစ်မနေလုပ်ဆောင်ရန်)**

နေရာ၊ ရက်စွဲ၊ သဘောတူညီချက်တွင်ပါဝင်လက်မှတ်ရေးထိုးသူ၏လက်မှတ်၊ အမည်နှင့် ရာထူး

၆။ ပို့ကုန်တင်ပို့သူ၏အချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းကို ယင်းမတိုင်မီ အထူးသဖြင့် သဘောတူညီရမည်။

ယခုထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် အများပြည်သူထံဖော်ပြသွားမည်ကို လက်မှတ်ရေးထိုးသူအား အသိပေးထားပါသည်။ လက်မှတ်ရေးထိုးသူသည် အဆိုပါသတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြသွားမည်ကိုလက်ခံပါသည်။ လက်မှတ်ရေးထိုးသူသည် မှတ်ပုံတင်ခြင်းအတွက် တာဝန်ယူထားသည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းထံ တောင်းဆိုချက်ပေးပို့ခြင်းဖြင့် အဆိုပါသတင်းအချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖော်ပြသွားမည်ကို သဘောတူညီမှုအား ဖယ်ရှားနိုင်ခွင့်ရှိသည်။

လက်မှတ်ရေးထိုးခြင်းဖြင့် ပို့ကုန်တင်ပို့သူသည် ၄င်းရေးသွင်းထားသောအချက်အလက်များအားလုံးကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းကို သဘောတူညီရာရောက်သည်။ (မဖြစ်မနေလုပ်ဆောင်ရန်မလို)
အကယ်၍သဘောတူလက်မှတ်ရေးထိုးခြင်းမပြုပါက အမည်မသိအချက်အလက်တစ်ချို့ကိုသာလျှင် ဝက်ဘ်ဆိုက်တွင် ဖော်ပြမည်။ (သတင်းအချက်အလက်များကို အောက်တွင်ကြည့်ပါ (အခန်း ၄)

၇။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ ရုံးလုပ်ငန်းအတွက်အသုံးပြုရန်နေရာဖြစ်သည်။

အပိုင်း ၇ သည်ရုံးလုပ်ငန်းသုံးရန်ဖြစ်သည်။

လျှောက်ထားသူအား အောက်ပါနံပါတ်များအရ မှတ်ပုံတင်သည်-

မှတ်ပုံတင်အမှတ် ______________________________

မှတ်ပုံတင်သည့်ရက်စွဲ ______________________________

မှတ်ပုံတင်မှုတရားဝင်သည့်ရက်စွဲ ______________________________

လက်မှတ်နှင့် တံဆိပ်တုံး ______________________________

*မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူ၏ အချက်အလက်များကို အများပြည်သူဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုပေါ်တွင် ရရှိနိုင်အောင်ဆောင်ရွက်ထားသည်။

http://ec.europa.eu/taxation_customs/dds2/eos/rex_validation.jsp?Lang=en

ယင်းသို့လုပ်ဆောင်ခြင်းအားဖြင့် စီးပွားရေးလည်ပတ်ဆောင်ရွက်သူများသည် ၎င်းတို့လက်ခံ ရရှိသည့် ပင်ရင်းပင်ရင်းထုတ်ကုန် ဖော်ပြချက်များပေါ်ရှိ ပို့ကုန်တင်ပို့သူ၏ တရားဝင်မှုကို တိုက်ဆိုင်စစ်ဆေး နိုင်သည်။

အကယ်၍ ပို့ကုန်တင်ပို့သူအနေဖြင့် ၎င်း၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို ဖော်ပြရန် သဘောမတူခဲ့ပါက (လျှောက်လွှာ၏ အပိုင်း ၆) အောက်ပါသတင်းအချက်အလက်များကိုသာလျှင် အများ ပြည်သူဆိုင်ရာ ဂက်ဘ်ဆိုက်တွင် တွေ့ရှိနိုင်သည်- REX နံပါတ်၊ မှတ်ပုံတင်ခြင်းတရားဝင်သည့်ရက်စွဲ၊ ပြန်လည်ရုတ်သိမ်းသည့်ရက်စွဲ (အကယ်၍သက်ဆိုင်လျှင်)၊ မှတ်ပုံတင်ခြင်းသည် နော်ဝေ သို့မဟုတ် ဆွစ်ဇာလန်နိုင်ငံ(သို့) တူရကီနိုင်ငံတို့သို့ တင်ပို့ရန်လည်း အသုံးပြုနိုင်ခြင်းရှိမရှိနှင့်ဆိုင်သည့် သတင်းအချက်အလက်၊ REX စနစ်နှင့် အများပြည်သူဆိုင်ရာဂက်ဘ်ဆိုက်တို့အကြား နောက်ဆုံး အချိန်ကိုက်ဆောင်ရွက်ခဲ့သည့် ရက်စွဲ။

**REX စနစ်တွင်အသုံးပြုမည့် ပင်ရင်းထုတ်ကုန်ဖော်ပြချက်**

**၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ (သို့မဟုတ် REX ကို အကောင်အထည်ဖော်မှုနောက်ကျခဲ့လျှင် ထို့ထက် နောက်ကျသည့်ရက်စွဲတွင်) မှတ်ပုံတင်ထားသည့် ပို့ကုန်တင်ပို့သူများနှင့် တန်ဖိုးနည်းပါးသောကုန်စည်တင်ပို့သည့် ပို့ကုန်တင်ပို့သူအားလုံးအတွက် ပင်ရင်းထုတ်ကုန်ဖော်ပြချက်**

မည်သည့်စီးပွားရေးဆိုင်ရာစာရွက်စာတမ်းပေါ်တွင်မဆို ပို့ကုန်တင်ပို့သူ၏ အမည်နှင့် လိပ်စာအပြည့်အစုံ၊ ပို့ကုန် ပစ္စည်းကို ရှင်းလင်းဖော်ပြချက်နှင့် ထုတ်ပေးသည့်ရက်စွဲ (၁) တို့ကို ဖော်ပြလျက် ဖြည့်သွင်းဆောင် ရွက်ရန်ဖြစ်သည်။

<u>မြန်မာဘာသာပြန်</u>

ပို့ကုန်တင်ပို့သူ...... (ယခုစာရွက်စာတမ်းတွင်ပါဝင်သည့် ထုတ်ကုန်ပစ္စည်းများ၏ မှတ်ပုံတင်ထားပြီး ပို့ကုန်တင်ပို့သူအရေအတွက် (၂) (၃) (၄) သည် ရှင်းရှင်းလင်းလင်းညွှန်ပြထားခြင်းမရှိသည်မှလွဲ၍ အဆိုပါ ထုတ်ကုန်များသည် .......အထူးအကောက်ခွန် ကင်းလွတ်ခွင့်ရ ပင်ရင်းထုတ်ကုန်များဖြစ်ကြသည်။ (၅) ဥရောပသမဂ္ဂ အထူးအကောက်ခွန်ကင်းလွတ်ခွင့်စနစ်၏ ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းများအရနှင့် ပင်ရင်းထုတ်ကုန်ဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီသည်.........(၆)။

<u>အောက်ခြေမှတ်စုများ</u>

(၁) ပင်ရင်းဒေသဆိုင်ရာဖော်ပြချက်ဖြင့် အခြားဖော်ပြချက်တစ်ခုကို အစားထိုးရာတွင်အီးယူ ကော်မရှင် အကောင်အထည်ဖော်ရေးစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပုဒ်မ (၁၀၁) (၂) နှင့် (၃) အရ စည်းမျဉ်းစည်းကမ်း (EU) No 952/2013 ပါ ပြဌာန်းသတ်မှတ် ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအတွက် အသေးစိတ်စည်းမျဉ်းစည်းကမ်းများချမှတ်သည်။ (တရားဝင်ဂျာနယ် စာမျက်နှာ ၅၅၈ ကိုရှု)၊ ပင်ရင်းနိုင်ငံဆိုင်ရာဖော်ပြချက်အစားထိုးခြင်းကို "အစားထိုးဖော်ပြချက်" ဟု ဖော်ပြရမည်။ အစားထိုးဖော်ပြချက်တွင် ပင်ရင်းပင်ရင်းဖော်ပြချက်ထုတ်ပေးသည့်ရက်စွဲနှင့် အကောက်အထည်ဖော်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (EU) ၏ အပိုဒ် ၈၂(၆) အရ လိုအပ်သောအချက်အလက်များကိုလည်း ဖော်ပြရမည်။

(၂) အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) အပိုဒ်ခွဲ ၁ နှင့် ပုဒ်မ ၁၀၁ အပိုဒ် (၃) တို့နှစ်ခုစလုံးအရ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့် အစားထိုးရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် ယင်းကဲ့သို့ဖော်ပြချက်တစ်ခုကို ဖြည့်သွင်း ဆောင်ရွက်ရာ၌ ၎င်း၏အမည်နှင့် လိပ်စာအပြည့်အစုံကို ၎င်း၏ ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်နောက်မှ ဖော်ပြရမည်ဖြစ်သည်။

(၃) အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) အပိုဒ်ခွဲ ၂ နှင့်အညီ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့်အစားထိုးဆောင်ရွက်ရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် ယင်းကဲ့သို့ဖော်ပြချက်တစ်ခုကို ဖြည့်သွင်းဆောင်ရွက်ရာ၌ ၄င်း၏အမည် နှင့် လိပ်စာအပြည့်အစုံကို "[အထူးအကောက်ခွန်ကင်းလွတ်ခွင့်ကိုခံစားသည့်နိုင်ငံရှိ ပို့ကုန်တင်ပို့သူ၏ အမည် နှင့် လိပ်စာအပြည့်အစုံဖြင့်] ဖြည့်သွင်းဆောင်ရွက်ထားသည့် ပင်ရင်းနိုင်ငံဆိုင်ရာဖော်ပြချက်အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်း"ဟု ဖော်ပြချက်နောက်မှ ဖော်ပြပြီး၊ အောက်ပါနံပါတ်အရ မှတ်ပုံတင်ရမည်ဖြစ် သည်။ [အထူးအကောက်ခွန်ကင်းလွတ်ခွင့်ကိုခံစားသည့်နိုင်ငံရှိ ပို့ကုန်တင်ပို့သူ၏ ပို့ကုန်တင်ပို့သူ မှတ်ပုံတင် အမှတ်]

(၄) အကောင်အထည်ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၀၁ (၂) နှင့်အညီ ပင်ရင်းဒေသဖော်ပြချက်တစ်ခုကို အခြားတစ်ခုနှင့်အစားထိုးဆောင်ရွက်ရာတွင် ကုန်စည်များကို ပြန်လည်တင်ပို့သူသည် အစဉီးတင်ပို့ကုန်ရှိ ပင်ရင်းပင်ရင်းထုတ်ကုန်များ၏ တန်ဖိုးသည် ယူရို ၆၀၀၀ ထက်ကျော်လွန်မှ သာလျှင် ပို့ကုန်တင်ပို့သူမှတ်ပုံတင်အမှတ်ကို ဖော်ပြနိုင်သည်။

(၅) ထုတ်ကုန်များ၏ ပင်ရင်းနိုင်ငံကို ဖော်ပြရမည်။ ပင်ရင်းနိုင်ငံဆိုင်ရာဖော်ပြချက်သည် အကောင်အထည် ဖော်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း (EU) 2015/2447 ပါ ပုဒ်မ ၁၁၂ ပါ အဓိပ္ပါယ်ဖော်ပြချက်အတွင်း Ceuta နှင့် Melilla နိုင်ငံတွင် ပင်ရင်းပင်ရင်းအခြေပြုသည့် ထုတ်ကုန်များနှင့် အားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း ဆက်စပ်နေသည့်အခါ ပို့ကုန် တင်ပို့သူအနေဖြင့် ပင်ရင်းနဆိုင်ရာဖော်ပြချက်ကို သင်္ကေတ 'XC/XL' နည်းလမ်းအရ ဖြည့်သွင်း ဆောင်ရွက်ထားသည့် စာရွက်စာတမ်း၌ ၄င်းတို့ကို ရှင်းရှင်းလင်းလင်းဖော်ပြရမည်ဖြစ်သည်။

(၆) ရာနှုန်းပြည့်ထုတ်လုပ်ရရှိသော ထုတ်ကုန်များအတွက် အင်္ဂလိပ်အက္ခရာ'P' ကို လည်းကောင်း၊ လုံလောက်စွာပြုပြင် ထုတ်လုပ်ထားပြီးထုတ်ကုန်များအတွက် Harmonised စနစ် (HS) အစဂဏန်းများနောက်မှ အင်္ဂလိပ် အက္ခရာ'W' (ဥပမာ'W' 9618) ကိုလည်းကောင်း ထည့်သွင်းရမည်။ အထက်ပါဖော်ပြချက်ကို အောက်ပါ ဖော်ပြချက်တစ်ခုခုဖြင့် ဆီလျော်သလိုအစားထိုးနိုင်သည်- (က) နှစ်နိုင်ငံပေါင်းစပ်တွက်ချက်မှုကိစ္စများအတွက် 'EU cumulation' ဟုလည်းကောင်း၊ (ခ) နော်ဝေ၊ ဆွစ်ဇာလန် သို့မဟုတ် တူရကီနိုင်ငံများနှင့် ပေါင်းစပ်တွက်ချက် သောကိစ္စဖြစ်ပါက 'Norway cumulation', 'Switzerland cumulation', 'Turkey cumulation' ဟူ၍လည်းကောင်း(ဂ) ဒေသတွင်းပေါင်းစပ်တွက်ချက်သည့်ကိစ္စများအတွက် 'regional cumulation' နှင့် (ဃ) တိုးချဲ့ဆောင်ရွက်သောပေါင်းစပ်တွက်ချက်မှုများအတွက်'extended cumulation with country x' ဟု အစားထိုး ဖော်ပြနိုင်သည်။